EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၄၃) “ကချင်ပြည်နယ်၏ ပထမဦးဆုံးလွတ်လပ်သော သတင်းစာ” (နိုဝင်ဘာ ၂၆ ၊ ၂၀၁၈)

# ကချင်ပြည်နယ်တွင် ယခုနှစ်အတွင်း ဘေးအန္တရာယ်မျိုးစုံ ၈၅ ကြိမ်ခန့်ဖြစ်ပွားပြီး လူ ၇၀ ကျော် သေဆုံးခဲ့



## မြန်မာပြည်မြောက်ပိုင်း ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ ဆက်လက်ကူညီသွားမည်ဟုဆို

စာ - ၃ သို့ »

## စစ်ရှောင်အရေးနှင့်ပတ်သက်ပြီး ကချင်လူထုလှုပ်ရှားမှုအဖွဲ့ ကုလသမဂ္ဂသို့ စာတင်

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

ကချင်လူထုလှုပ်ရှားမှုအဖွဲ့က ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင်များအရေးနှင့် ပတ်သက်ပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မြစ်ကြီးနားခရီးစဉ်အပြီး အောက်တိုဘာလ ၁၈ ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂသို့ စာတင်ခဲ့ကြောင်း သိရသည်။

အဆိုပါစာထဲတွင် ငြိမ်းချမ်းရေးဖြစ်စဉ်သည် ဆွေးနွေးမှု အဆင့်ဆင့်ပြုလုပ်ခဲ့သော်လည်း စစ်မှန်ပြီး ထိရောက်သည့်မူဘောင်ရေးဆွဲဆွေးနွေးခြင်းမရှိသည့်အတွက် ထိရောက်မှုမရှိကြောင်း၊ ထိရောက်မှုမရှိသည့်အတွက် လူငယ်များမှာ အဓိက ဓားစာခံဖြစ်နေရကြောင်း၊ ကချင်ပြည်နယ်၏ အနေအထားသည် လူငယ်များအတွက် လုံခြုံသည့်ရပ်ဝန်းမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လှုပ်ရှားမှုကြောင့် တရားစွဲဆိုခံထားရသော လူငယ်များကို ချွင်းချက်မရှိ လွှတ်ပေးစေလိုကြောင်း၊ ထိုသို့ တရားစွဲဆိုခြင်းသည် ငြိမ်းချမ်းရေးခရီးစဉ်တွင် လူငယ်များပါဝင်မှုနည်းပါးစေကြောင်း စသည့် အချက်များပါဝင်ပြီး စစ်ရှောင်လူငယ်များ၏ပညာရေးကဏ္ဍနှင့် စစ်ရှောင်စခန်းတိုင်း၌ အကူအညီပိတ်ဆို့ခံရမှု၊ အကူအညီနည်းလာမှုများလည်း ပါဝင်ကြောင်း ကချင်လူထုလှုပ်ရှားမှုအဖွဲ့ဝင် မဆွတ်ဆိုင်းထွယ်ထံမှ သိရသည်။

စာ - ၅ သို့ »

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို မြစ်ကြီးနားတွင် အခမဲ့လာရောက်ကုသမည်

စာ - ၁၁ သို့ »

## ကျောင်းပေါင်းစုံ လူရည်ချွန်စာမေးပွဲများ စစ်ဆေးတော့မည်

စာ - ၁၂ သို့ »

## အလုပ်မရှိသေးသည့် စစ်ရှောင်များကိုအလုပ်အကိုင်ဖန်တီးပေးမည်ဟု ကဘူဒန်း စစ်ဘေးရှောင်များကို လူမှုရေးဝန်ကြီးပြော

စာ - ၅ သို့ »

## စိုက်ပျိုးရေးအတွက် အဓိကကျနေတဲ့ ဈေးကွက်ချိန်ခွင်လျှာ

မြတ်သွေးထက် ရေးသားသည်။ စာ - ၈ သို့ »






# မြန်မာပြည်မြောက်ပိုင်း ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ ဆက်လက်ကူညီသွားမည်ဟုဆို

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၁

မြန်မာပြည်မြောက်ပိုင်း တည်ငြိမ်အေးချမ်းမှုအမြန်ဆုံး ရရှိစေရန် တရုတ်နိုင်ငံက ဆက်လက်ပါဝင် ကူညီသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang က ပြောကြားလိုက်သည်။

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများအတွက် တရုတ်နိုင်ငံသံရုံးမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအပြီးတွင် တရုတ်သံအမတ်ကြီးက ပြောကြားခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပိုးလမ်းမကြီး စီမံကိန်းတွင်လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်ရှိနေပြီး ထိုလမ်းမကြီးသည်လည်း ငြိမ်းချမ်းရေးလမ်းကြောင်းတစ်ခု ဖြစ်ကြောင်းပြောကြားခဲ့သည်။

"တရုတ်ဘက်ကနေပေါက်ဖော်အနေနဲ့ ဆက်လက်ပြီး မြန်မာနိုင်ငံကိုကူညီပြီး မြန်မာနိုင်ငံမြောက်ပိုင်းမှာ တည်ငြိမ်အေးချမ်းမှုရရှိဖို့ ကူညီသွားမှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ တရုတ်-မြန်မာ နှစ်နိုင်ငံ Belt and Road ကိစ္စ ဆောင်ရွက်ရာမှာ အတူတကွလုပ်ဆောင်ရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ သမ္မတကြီး မစ္စတာရှီကျင့်ဖျင် ပြောသလို Belt and Road ဆိုတာက ငြိမ်းချမ်းရေးလမ်းကြောင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုကိစ္စဆောင်ရွက်တာက ကချင်ပြည်နယ်အေးချမ်းဖို့ အချက်တစ်ချက်လည်း ဖြစ်ပါတယ်" ဟု Mr. Hong Liang က ပြောသည်။

ကချင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများပြားနေရခြင်းက ငြိမ်းချမ်းမှုကိုအမြန်ဆုံးလိုအပ်နေသည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အဟန့်အတားဖြစ်ကြောင်း၊ လူမှုဆိုးကျိုးများကိုလည်း ခံစားနေရကြောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ပြောသည်။

"ဒီလို အခြေအနေမျိုးကနေ ရုန်းထွက်နိုင်ဖို့က ငြိမ်းချမ်းရေးက အဓိကဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရခင်မှာ ဒီလို ဒုက္ခရောက်နေတဲ့သူတွေကို ကယ်တင်ဖို့ တာဝန်ရှိပါတယ်။ တစ်ဖက်က ငြိမ်းချမ်းရေးအတွက် ကြိုးစားနေရင် တစ်ဖက်ကလည်း ဒီလို ဒုက္ခရောက်နေတဲ့သူတွေကို ပစ်ပယ်ထားလို့ မရပါဘူး။ ဒီလို ပူးပေါင်းဆောင်ရွက်ခြင်းဟာ ငြိမ်းချမ်းရေးအတွက် လမ်းစတစ်ခုပဲ ဖြစ်ပါတယ်"ဟုလည်း ဒေါက်တာ ဝင်းမြတ်အေးက ဆက်လက်ပြောသည်။



ထို့အပြင် ယင်းအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်ကလည်း ၎င်းတို့အနေဖြင့် ပြည်နယ်ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဘာသာရေးခေါင်းဆောင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုဝင်ဘာလ ၂၀ ရက်နေ့က မြစ်ကြီးနားမြို့တော်ခန်းမတွင် ကျင်းပသည့် ထိုအခမ်းအနားတွင်တရုတ်နိုင်ငံသံအမတ်ကြီး Mr. Hong Liang နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံသံရုံးက စစ်ရှောင်စခန်း ၇ ခုမှ အိမ်ထောင်စု ၁၄၁၆ စုအား ငွေကျပ်သိန်းပေါင်း ၁၆၀၀ ခန့်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ စောင် အစရှိသည့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

စည်သူ(မြစ်ကြီးနား)

MORNING STAR COMPUTER TRAINING CENTER

Available Course

ကွန်ပျူတာ ပြုပြင်
မိတ္တူ၊ ကွန်ပျူတာ စာစီ/စာရိုက်
ဖိတ်စာအမျိုးမျိုး၊ လိပ်စာကဒ်
ပလတ်စတစ်ကဒ်လောင်း

CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
ဘောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်

- Microsoft Essential Course
- Adobe Photoshop
- Adobe InDesign
- Adobe Illustrator
- Sound Editing
- AutoCAD
- Programming
- Photoshop For Fashion Designer
- Advance Excel
- A+
- Networking
- Video Editing
- Web Design
- Data Base
- Book Keeping

ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်ခန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီ။

Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီ။

contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်

မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀

နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်

မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဝန်ဆောင်မှုပေးနေပါသည်

ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဗျားဇရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့၊

မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384

ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493

လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207

VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ကချင်ပြည်နယ်တွင် ယခုနှစ်အတွင်း ဘေးအန္တရာယ်မျိုးစုံ ၈၅ ကြိမ်ခန့်ဖြစ်ပွားပြီး လူ ၇၀ ကျော် သေဆုံးခဲ့



မြစ်ကြီးနား၊ နိုဝင်ဘာ ၂၁

ကချင်ပြည်နယ်တွင် ယခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘေးအန္တရာယ်ပေါင်းစုံ ၈၅ကြိမ်ခန့်ဖြစ်ပွားရာ၊ ထိုဘေးအန္တရာယ်များကြောင့်လူဦးရေစုစုပေါင်း ၇၂ ဦးခန့် သေဆုံးခဲ့ရကြောင်း ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနမှ စာရင်းဇယားများအရ သိရသည်။

အိမ်ထောင်စု ၃၈၄၆ စုရှိ လူဦးရေ၁၈၈၀၆ဦးမှာမီးဘေး၊ လေဘေး၊ ရေဘေး၊ ကမ်းပြို၊ မြေပြို/မြေစာပြို၊ မိုင်းကွဲ၊ မိုးကြိုး၊ တိုက်ပွဲရှောင် ဘေးအန္တရာယ်များနှင့် အခြားသောဘေးအန္တရာယ်များကို ၈၅ ကြိမ်ခန့် ကြုံတွေ့ခဲ့ရပြီး၊ ထိုဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် စုစုပေါင်းလူဦးရေ ၆၇ ဦးမှာလည်းထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ မြေပြို/မြေစာပြိုခြင်းကြောင့် ၆၇ ဦး၊ မိုင်းကွဲခြင်းကြောင့် ၁ ဦး၊ မိုးကြိုးပစ်ခြင်းကြောင့် ၄ ဦး အသီးသီး သေဆုံးခဲ့ရသော်လည်း ကျန်ဘေးအန္တရာယ်များဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာများသာ ရရှိခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

ဧပြီလမှစက်တင်ဘာလအထိဖြစ်ပွားခဲ့သည့် ထိုခြောက်လချုပ်စာရင်းတွင် မီးဘေး ၁၈ ကြိမ်၊ ရေဘေး ၃ ကြိမ်၊ ကမ်းပြို ၆ ကြိမ်၊ လေဘေး ၁၁ ကြိမ်၊ မြေပြို/မြေစာပြို ၉ ကြိမ်၊ မိုင်းကွဲ ၈ ကြိမ်၊ မိုးကြိုး ၃ ကြိမ်၊ တိုက်ပွဲရှောင် ၂၅ ကြိမ်နှင့် အခြားဘေးအန္တရာယ်က ၂ ကြိမ်ခန့် ဖြစ်ပွားခဲ့သည်ဟုလည်း သိရသည်။

"တိုက်ပွဲ ဆိုတာကလည်း ပဋိပက္ခဘေးတွေထဲမှာပါနေတော့ ကျွန်မတို့က တရားဝင် ထောက်ပံ့ကူညီမှုတွေ လုပ်နေတာပါ။ နောက်ပြီးတော့ ကျွန်မတို့ဆီကို ရောက်လာတဲ့ တိုက်ပွဲရှောင် ကိန်းဂဏန်းအချက်အလက်တွေကလည်း ထွေ/အုပ်ကနေ သေသေချာချာ စိစစ်ပြီးမှ ရောက်လာတဲ့ စာရင်းတွေပဲ ဖြစ်တယ်"ဟု ဘေးအန္တရာယ်စီမံခန့်ခွဲရေး ရုံးမှ တာဝန်ရှိသူတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

၎င်းတို့ဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် ဒုက္ခကြုံတွေ့နေရသည့် ပြည်သူများကို အထောက်အပံ့ပေးရေးနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်ပေးရေးတို့ကို အဓိကထား လုပ်ဆောင်နေသည်ဟုလည်း ထပ်မံပြောပြသည်။

ထို့အပြင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းများကို မိုးညှင်းနှင့် ရွှေကူမြို့များတွင် နှစ်ကြိမ်၊ သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောပွဲများကို မိုးညှင်း၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ပူတာအိုနှင့် မိုးကောင်းမြို့များတွင် ၁၂ ကြိမ်၊ ရွှေကူမြို့တွင် ဘေးအန္တရာယ် သတ္တကြာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း တစ်ကြိမ်၊ ယခုနှစ်တွင် စုစုပေါင်းပညာပေး ၁၅ ကြိမ်ခန့် ပြုလုပ်ခဲ့ပြီး လူဦးရေ ၅၇၅၅ ဦးခန့် တက်ရောက်ပြီးဖြစ်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ စာရင်းဇယားအရ သိရသည်။

"သဘာဝဘေးအန္တရာယ်ဆိုတာက ဖြစ်ပြီးသား၊ ရရှိလာတဲ့ ကိန်းဂဏန်းအချက်အလက်တွေအရပဲ ဘယ်လောက်ဖြစ်တယ်။ ဒီနှစ်တော့ ဆိုးဝါးလာတယ်။ ဒီနှစ်တော့ သိပ်မဖြစ်ဆိုပြီး ပြောနိုင်တာဆိုတော့ သေချာတာ တစ်ခုကတော့ အခုချိန်အထိ ကျွန်မတို့ ရရှိထားတဲ့ အချက်အလက်တွေအရတော့ ဒီနှစ်က ဘေးအန္တရာယ် သိပ်မဖြစ်ဘူးလို့ပြောရမှာပဲ"ဟု ပြည်နယ်ဦးစီးမှူး ဒေါ်လှကေသီမာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ ခြောက်လပတ်ချုပ် စာရင်းအရ ဦးစီးဌာနအနေဖြင့် ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် အိမ်ထောင်စုပေါင်း ၆၀၆ စုကို ငွေကျပ်သိန်းပေါင်း နှစ်ထောင်ကျော်ခန့် (၂၂၈၈၂၈၉၇၅ ခန့်) ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)






La Key Coffee

သန့်ရှင်းလတ်ဆတ်သော သဘာဝကော်ဖီစစ်စစ်အရသာ

- ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော သဘာဝကော်ဖီစစ်စစ် အရသာကို လူမျိုးဘာသာမရွေး သောက်သုံးနိုင်ပါသည်။
- ဓာတုပစ္စည်းများ လုံးဝမပါဝင်ပါ။

သတိပြုရန်
- နေရောင်ခြည်ထိသော နေရာတွင် မထားရ။
- အေးမြ ခြောက်သွေ့သောနေရာတွင် ထားပါ။
- အနံ့ရှိသည့် ပစ္စည်းများနှင့်အတူ တွဲမထားရ။
- လေလုံအောင် သေချာစွာ ပိတ်ပါ။

**ဆက်သွယ်ရန်** - အမှတ် (၅၁၈)၊ ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ ၀၉-၄၂၄၈၄၃၄၇၉၊ ၀၉-၄၀၀၀၂၁၉၂၁



High Class
AKZ GROUP
AIR-CON , AIR SUSPENSION
EXPRESS

မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW
SCANIA ( 2+1 ) VIP

ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ

နံနက်(၁၀)နာရီ ( 2+2) ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊ လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။

မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု အားနည်းပြီး ရှင်းလင်းသည့် မူဝါဒမရှိသေးဟု အရပ်ဘက်အဖွဲ့များ ဝေဖန်




သယံဇာတထုတ်လုပ်သည့် လုပ်ငန်းများ၊ အထူးသဖြင့် ထိုကဏ္ဍမှနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ရှင်းလင်းသော လုပ်ထုံးလုပ်နည်း မရှိခြင်း၊ ပြည်သူများနှင့် လွှတ်တော်၊ သတင်းမီဒီယာများထံ သို့ ထုတ်ပြန်ပေးမှု မရှိခြင်းများကြောင့် ကြီးမားသော ပဋိပက္ခ အန္တရာယ်ရှိနေသည်ဟု မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်မိုးမိုးထွန်းက ပြောသည်။

နိုဝင်ဘာ ၁၉ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ အရင်းအမြစ် တူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(EITI)အစီရင်ခံစာထုတ်ပြန်ပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

"သူတို့ (နိုင်ငံပိုင်သယံဇာတ တူးဖော်ရေးလုပ်ငန်းတွေ) က နည်းဥပဒေ၊ ဥပဒေတွေ ရေးဆွဲပိုင်ခွင့်ရှိတယ်။ ကြီးကြပ်စစ်ဆေးတဲ့အလုပ်လည်း လုပ်ပါတယ်။ စောင့်ကြည့်တဲ့လုပ်ငန်းလည်း လုပ်တယ်။ ဥပဒေပြင်ပလုပ်တဲ့ ဟာတွေကိုလည်း အရေးယူဆောင်ရွက်တယ်။ လိုင်စင်ချပေးတာလည်း လုပ်တယ်။ ကျောက်မျက်မှာ ပိုရှင်းပါတယ်။ အကျိုးတူလုပ်တာမျိုးပါ"

"အခွန်တွေကို ကောက်တယ်။ သူ့ဘာသာသူ ပြန်ခွဲတယ်။ အဲ့ဒီတော့ ဒီထက်ကောင်းအောင် ဘယ်လိုလုပ်မလဲ။ ရှင်းလင်းတဲ့ လုပ်ထုံးလုပ်နည်းမရှိသေးဘူး။ ဘယ်သူကနေ တာဝန်ပေးထားလို့ ဘယ်လိုပုံစံမျိုးနဲ့ လုပ်သလဲဆိုတာ ကွန်မတို့မသိဘူး"ဟု သူကဆိုသည်။

တချို့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ရှိနေသည့် ဘုတ်အဖွဲ့များက မည်သူတွေဖြစ်သည်၊ မည်သည့်အရာများကို ဦးတည်လုပ်ကိုင်နေသည်ကို လုပ်ငန်းတစ်ခုချင်းစီအလိုက် စီမံကိန်းများကို ပြည်သူများသိအောင် ထုတ်ပြန်ပေးရမှာဖြစ်ကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် မည်သည့်ကဏ္ဍက လုပ်ပိုင်ခွင့်ရှိသည်၊ မည်သည့်ကဏ္ဍက လုပ်ပိုင်ခွင့်မရှိ ဆိုသည်ကိုလည်း ထုတ်ပြန်ရမှာဖြစ်ကြောင်း ဒေါ်မိုးမိုးထွန်းက ဆက်ပြောသည်။

မြန်မာနိုင်ငံ EITI အစီရင်ခံစာ၏ အကြံပြုတိုက်တွန်းချက်များကို ကြည့်လိုက်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် မှားယွင်းနေသော သယံဇာတ စီမံအုပ်ချုပ်မှုကို တွေ့ရှိရသည်ဟု ၎င်းက ဆိုသည်။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှုအမှားများနှင့် နိုင်ငံတော်၏ မူဝါဒတို့ ဆီလျော်မှုမရှိခြင်းများအကြောင်းသုတေသနပြုလုပ်ခဲ့သည့် အမေရိကန်အခြေစိုက် အကျိုးအမြတ်မယူသော အဖွဲ့အစည်း Natural Resource Governance Institute (NRGI) အဖွဲ့က ဇူလိုင်လ ၁၀ ရက်နေ့က အစီရင်ခံစာ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် မည်သို့သော အဖွဲ့အစည်းများအား နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ဟူ၍ သတ်သတ်မှတ်မှတ် ခွဲခြားထားခြင်းမရှိသလို ယေဘုယျအားဖြင့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းမဟုတ်ဘဲ ဝန်ကြီးဌာနများ အောက်တွင်ရှိနေသည်ဟု ၎င်းတို့ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လတ်တလော ပြုလုပ်ခဲ့သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး သုံးသပ်ရာတွင်လည်း ရှင်းလင်းသော မူဝါဒတစ်ခု ချမှတ်ရန် ကြိုးစားနေခြင်းအစား "ဒီကွေ့ရောက် ဒီတက်လှော်၊ ဟိုကွေ့ရောက် ဟိုတက်လှော်" ပုံစံမျိုးဖြစ်နေကြောင်း ပညာရှင်များက သုံးသပ်ထားပုံကိုလည်း ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး လုပ်ရာတွင် ပြီးပြည့်စုံသော နည်းလမ်းတစ်ခုနှင့် ဥပဒေလိုအပ်ကြောင်း၊ လက်ရှိကျင့်သုံးနေသည့် ၁၉၈၉ ခုနှစ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ဥပဒေကလည်း တိကျသော တာဝန်၊ တိကျသော စီမံချက်များကို အကောင်အထည်ဖော်နိုင်မည့် ဥပဒေမဟုတ်ကြောင်း NRGI အဖွဲ့ မြန်မာနိုင်ငံတွဲဖက်တာဝန်ခံ ဒေါ်ခင်စောဌေးက ပြောသည်။

"စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ချုပ်ဌာန၊ လွှတ်တော် စတဲ့နေရာက လူတွေရဲ့ စွမ်းရည်မြှင့်တင်ပေးဖို့လည်း လိုတယ်။ မှန်ကန်တိကျတဲ့ သတင်းအချက်အလက် ရရှိရေးလည်းလိုတယ်။ နိုင်ငံတကာမှာရှိတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေလိုမျိုး နောင်ငါးနှစ်မှာ ဘယ်လိုလုပ်မယ်၊ ဘယ်အထိလုပ်မယ်ဆိုတာမျိုးကို နှစ်စဉ်ထုတ်ပြန်ပေးရမယ်။ ဒါမှလည်း လွှတ်တော်ပိုင်းအနေနဲ့ ဒီလုပ်ငန်းက အရှေ့ရောက်နေလား၊ အနောက်ကို သွားနေပြီလားဆိုတာ သိမှာ။ အခုက အဲဒီလိုမသိရတော့ ဘတ်ဂျက်တောင်းတာမှာ ပေးသင့်သလား၊ မပေးသင့်ဘူးလား မစဉ်းစားနိုင်ဘူး။ ပြည်သူတွေကလည်း ဒီလုပ်ငန်းက ဘာတွေလုပ်နေလဲ မသိရတော့ဘူး"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်ဖြစ်ရန်အတွက် ၂၀၁၄ ခုနှစ်တွင် စတင်လျှောက်ထားခဲ့ပြီး ယင်းနှစ်မှာပင် အဖွဲ့ဝင်လောင်းဖြစ်လာခဲ့သည်။ EITI အစီရင်ခံစာ သုံးကြိမ်တင်ပြခဲ့ပြီးဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရဖြစ်လာသည့် အချိန်တွင် တွင်းထွက်သယံဇာတများ ပြည်ပတင်ပို့ရောင်းချခြင်းအစား အခွန်ဘဏ္ဍာတိုးမြှင့်ကောက်ခံခြင်းနှင့် အလေအလွင့်နည်းအောင် ကြိုးပမ်းခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်း စသည့်နည်းလမ်းများကို ပြောင်းလဲအသုံးပြုလာသည့်အတွက် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တွင်းထွက်သယံဇာတကဏ္ဍမှ နိုင်ငံခြားတင်ပို့ရောင်းချမှုသည် တစ်နိုင်ငံလုံး စုစုပေါင်း တင်ပို့မှု၏ ၄၇ ဒသမ ၆ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တုန်းက ရှိခဲ့သည့် ၅၃ ဒသမ ၁ ရာခိုင်နှုန်းမှ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ထက်ခေါင်လင်း
Myanmar Now

# အလုပ်မရှိသေးသည့် စစ်ရှောင်များကိုအလုပ်အကိုင်ဖန်တီးပေးမည်ဟု ကဘူဒန်း စစ်ဘေးရှောင်များကို လူမှုရေးဝန်ကြီးပြော




မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့်အဖွဲ့က မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာအုပ်စု၊ ကဘူဒမ်းရွာ၊ နယ်မြေ (၇)ရှိ ခရစ်တော်၏အသင်းတော်ဘုရားကျောင်းတွင် နေထိုင်သော စစ်ရှောင်ပြည်သူများထံ နိုဝင်ဘာလ ၂၁ ရက်က ရောက်ရှိလာပြီး အလုပ်အကိုင်မရှိသူများကို သင့်လျော်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်ဟု ပြောကြားသွားကြောင်း သိရသည်။

စက်ပြင်၊ အပ်ချုပ်၊ ယာဉ်မောင်း၊ မွေးမြူရေးစသည့်လုပ်ငန်းများတွင် လုပ်ကိုင်နိုင်အောင် ဖန်တီးပေးမည်ဖြစ်သဖြင့် စခန်းတာဝန်ရှိသူများအနေဖြင့် အမည်စာရင်းပြုစုကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသို့ ပေးပို့ရန် ပြောကြားသွားကြောင်း စခန်းတာဝန်ခံဦးဆန်နိုင်ဖိက ပြောသည်။

"ဘယ်နေ့ ဘယ်ရက်မှာ စပေးမယ်ဆိုတာတော့ မပြောသွားဘူး။ ဒီကနေတော့နာမည်စာရင်းပြုစုပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကို ပို့ပေးရမယ်လို့တော့ ပြောသွားတာပဲ။ သူတို့ပြောတဲ့အတိုင်း ဖြစ်လာရင်တော့ ကျွန်တော်လည်းဝမ်းသာရမှာပေါ့။ အချိန်အတိအကျတော့ မပြောသွားဘူး။ စောနိုင်သလောက်စောအောင် စာရင်းလုပ်ပေးခဲ့လို့တော့ ပြောသွားတယ်။ ရက်သတ္တပတ်လောက်မှာ စာရင်းလုပ်ပေးဖို့ စီစဉ်သွားမှာပါ"ဟု ဦးဆန်နိုင်ဖိက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကဘူဒန်း စစ်ရှောင်စခန်းတွင် ကျား ၂၃ ဦး၊ မ ၁၆ ဦး စုစုပေါင်းလူဦးရေ ၃၉ ဦး နေထိုင်လျက်ရှိပြီး ယခင်က မိုးကာတဲတွင် တစ်နှစ်ကြာနေထိုင်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၂ ရက်နေ့က ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းအနီးရှိ စခန်းအသစ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း သိရသည်။

ယင်း စစ်ရှောင်စခန်းသို့ ဒေါက်တာသင်းလွင် လာရောက်သည့် နိုဝင်ဘာလ ၂၁ ရက်နေ့က ဒေါက်တာသင်းလွင်နှင့်အတူ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်

# စစ်ရှောင်အရေးနှင့်ပတ်သက်ပြီး ကချင်လူထုလှုပ်ရှားမှု အဖွဲ့ ကုလသမဂ္ဂသို့ စာတင်

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

ကချင်လူထုလှုပ်ရှားမှုအဖွဲ့က ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင်များအရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မြစ်ကြီးနားခရီးစဉ်အပြီး အောက်တိုဘာလ ၁၈ ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂသို့ စာတင်ခဲ့ကြောင်း သိရသည်။

အဆိုပါစာထဲတွင် ငြိမ်းချမ်းရေးဖြစ်စဉ်သည် ဆွေးနွေးမှု အဆင့်ဆင့်ပြုလုပ်ခဲ့သော်လည်း စစ်မှန်ပြီး ထိရောက်သည့်မူဘောင်ရေးဆွဲဆွေးနွေးခြင်းမရှိသည့်အတွက် ထိရောက်မှုမရှိကြောင်း၊ ထိရောက်မှုမရှိသည့်အတွက် လူငယ်များမှာ အဓိက ဓားစာခံဖြစ်နေရကြောင်း၊ ကချင်ပြည်နယ်၏ အနေအထားသည် လူငယ်များအတွက် လုံခြုံသည့်ရပ်ဝန်းမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လှုပ်ရှားမှုကြောင့် တရားစွဲဆိုခံထားရသော လူငယ်များကို ချွင်းချက်မရှိ လွှတ်ပေးစေလိုကြောင်း၊ ထိုသို့ တရားစွဲဆိုခြင်းသည် ငြိမ်းချမ်းရေးခရီးစဉ်တွင် လူငယ်များပါဝင်မှုနည်းပါးစေကြောင်း စသည့်အချက်များပါဝင်ပြီး စစ်ရှောင်လူငယ်များ၏ပညာရေးကဏ္ဍနှင့် စစ်ရှောင်စခန်းတိုင်း၌ အကူအညီပိတ်ဆို့ခံရမှု၊ အကူအညီနည်းလာမှုများလည်း ပါဝင်ကြောင်း ကချင်လူထုလှုပ်ရှားမှုအဖွဲ့ဝင် မဆွတ်ဆိုင်းထွယ်ထံမှ သိရသည်။

ထို့အပြင် တပ်မတော်ကို နိုင်ငံတကာစစ်ခုံရုံးတင်သင့်ကြောင်း၊ ကချင်လူငယ်များကလည်း ထောက်ခံကြောင်းတို့ကိုလည်း ထိုစာတွင်တောင်းဆိုရေးသားခဲ့ကြောင်း မဆွတ်ဆိုင်းထွယ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဓိကကတော့ လူငယ်တွေနဲ့ဆိုင်တယ်။ လူငယ်တွေထဲကတောင်မှ စစ်ရှောင်ကကျောင်းတက်နေတဲ့ လူငယ်တွေနဲ့ဆိုင်တဲ့ဟာနဲ့ စစ်ရှောင်ပြည်သူတွေရဲ့ အကူအညီနဲ့ပတ်သက်ပြီး ဒါတွေကို Focus ထားပြီး တင်ထားတယ်" ဟု ၎င်းက ပြောသည်။

ယခု လက်ရှိအချိန်တွင် ကချင်လူထုလှုပ်ရှားမှုအဖွဲ့များအနေဖြင့် အဆိုပါစာနှင့်ပတ်သက်ပြီး ကုလသမဂ္ဂဘက်မှ အကြောင်းပြန်ကြားစာ မရသေးသဖြင့် စောင့်မျှော်နေကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Mr. Christine Schraner Burgener နှင့်အဖွဲ့သည် မြစ်ကြီးနားသို့ အောက်တိုဘာလ ၁၈ ရက်နေ့က ရောက်ရှိလာကာ ဂျော်မဆတ် နှစ်ခြင်းစစ်ရှောင်စခန်း၊ တြီနတီစစ်ရှောင်စခန်း၊ မိုင်းနား ရိုမန်ကက်သလစ်စစ်ရှောင်စခန်း၊ ခတ်ချိုစစ်ရှောင်စခန်းများသို့ သွားရောက်ခဲ့ပြီး မြန်မာပြည်ငြိမ်းချမ်းရေးအတွက်တာဝန်ရှိသူများနှင့်လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မျိုးမြတ်မြတ်ပန်

## Editorial
## အယ်ဒီတာ့အာဘော်

### မျှတသော မူဝါဒသည်သာ အကောင်းဆုံးအဖြေ

ဖားကန့်ဒေသသည် ကမ္ဘာပေါ်တွင် သဘာဝသယံဇာတအကြွယ်ဝဆုံး ဒေသတစ်ခုဖြစ်သည်နှင့်အညီ ယင်းဒေသသို့ ကျောက်လာတူးသူများ၊ ကုမ္ပဏီထောင်သူများ၊ ကုမ္ပဏီမှ စွန့်ပစ်သည့် မြေစာများထဲတွင် မျက်စိလျှံ ရောပါလာတတ်သော ရေမဆေးကျောက်စိမ်း ရှာဖွေသူများနှင့် ၎င်းတို့ကို အားထား၍ ဈေးရောင်းသူများ၊ သယ်ယူပို့ဆောင်သူများ၊ နည်းအမျိုးမျိုးဖြင့် ဖျော်ဖြေကြသည့် အမျိုးသမီးများတို့ စုဝေးရောက်ရှိရာဒေသတစ်ခု ဖြစ်သည်။

ယင်းဒေသတွင် မြန်မာနိုင်ငံဒေသအနှံ့အပြားမှ လူပေါင်းသုံးသိန်းကျော်ရောက်ရှိနေသည်။ ထိုထဲတွင် မိသားစုဝမ်းရေးအတွက် အမှန်တကယ် အလုပ်လုပ်ကိုင်ရန် ရောက်ရှိနေသူများရှိသလို ခိုးဆိုးလုနှိုက်ရန်ရောက် ရှိနေကြသူများ၊ မိမိတို့ဒေသတွင် ပြစ်မှုကျူးလွန်ထွက်ပြေးလာသူများနှင့် မူးယစ်ဆေးစွဲလမ်းသွား၍ နေရပ်မပြန်နိုင်ကြသူများလည်း ရှိသည်။ ထိုသို့သော သိန်းနှင့်ချီသည့် ရွှေ့ပြောင်းလုပ်သားများအနက်မှ ကျောက်အောင်၍ သူဌေးဖြစ်ပြီး နေရပ်ပြန်သွားသူက အရေအတွက် အင်မတန်နည်းသည်။ အခက်အခဲများ ဆင့်ကဲကြုံတွေ့လာရသည့်အခါ ထိုဒဏ်ကို မခံနိုင်ကြတော့ဘဲ ထွက်ပေါက်ရှာ၊ လမ်းလွဲလိုက်သွားသူများလည်း တစ်ပုံတစ်ပင်ရှိနေသည်။

သိန်းနှင့်ချီ၍ ရောက်ရှိနေသူများကို ကြည့်မည်ဆိုပါက ဘဝပျက်သွားရသူများရော၊ စင်ပေါ်ရောက်နေကြသူများပါ တစ်နယ်တစ်ကျေးမှ စီးပွားလာရှာကြသူများဖြစ်ပြီး ကိုယ့်အရပ်ကိုယ့်ဒေသတွင် လယ်ထွန်ယာလုပ်ရာမှ ရသည့်ဝင်ငွေ နည်းပါး၍ဖြစ်စေ၊ အလုပ်အကိုင် အခွင့်အလမ်းရှားပါး၍ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသူများဖြစ်သည်။

၎င်းတို့သည် ၂၀၁၆ ခုနှစ် ကုမ္ပဏီလုပ်ကွက်များ ရပ်ဆိုင်းလိုက်သည့်နောက်ပိုင်း အခက်အခဲများ ပိုမိုရင်ဆိုင်လာရသူများဖြစ်သည်။ နဂိုက ဖားကန့်၊ လုံးခင်း၊ ဆိပ်မူ၊ ဝေ့ခါအစရှိသည့် ထောင်နှင့်ချီသော ကျောက်လုပ်ကွက်များမှ ထွက်လာသည့်မြေစာများတွင် လူခွဲရှာဖွေရာမှ ယခုအခါ နည်းပါးလာသော လုပ်ကွက်များမှ ထွက်သည့် မြေစာများကို စုဝေးကောက်ယူလာကြသည်။ တစ်နေရာ တစ်နေရာတွင် နဂိုကထက် လူအုပ်ကပိုများလာသည်။

လူဦးရေများများလာလေ၊ အဆင်ပြေမှု နည်းလာနေသည့် ရေမဆေးများမှာ တဖြည်းဖြည်း ကျပ်တည်းလာသည့်ခေတ်တွင် အရာရာကို အကောင်းမြင်နိုင်စွမ်းနည်းပါးလာပြီး ပြဿနာဟူသမျှကို ဒေါသဖြင့် ရင်ဆိုင်ဖြေရှင်းကာ မီးရှို့မှုများ၊ အကြမ်းဖက်မှုများကို ကျူးလွန်လာကြတော့သည်။

အစိုးရအဆက်ဆက်က ထိုသူတို့အတွက် ထည့်သွင်းစဉ်းစားမှု အားနည်းခဲ့သည်။ သူတို့နေရပ် ပြန်နိုင်ရေး၊ နေရပ်များက ပြန်လည်ဆွဲဆောင်နိုင်ရေး၊ လက်ရှိဖားကန့်တွင် နေထိုင်စဉ် အဆင်ပြေရေးတို့ကို မစဉ်းစားကြ။ အစိုးရကို အခွန်ဆောင်ပြီး ကျောက်မျက်တူးဖော်နေကြသည့် ကုမ္ပဏီများကလည်း ကိုယ်ကျိုးကြည့်သည်၊ ရောက်လာသည့် ဝန်ထမ်းများကလည်း ကိုယ်ချမ်းသာဖို့သာကြည့်ပြီး ရေမဆေးသမားများအရေးကို ခပ်ပေ့ါပေ့ါထားခဲ့ကြသည်။

လတ်တလောတွင် ကုမ္ပဏီများနှင့် ပဋိပက္ခများ မကြာခဏဆိုသလို ဖြစ်ပွါးခဲ့ကြသည်။ တိုက်ပွဲများ ကိုဖန်တီးသောမြေတွင် ပဋိပက္ခများ ကြိမ်ဖန်များစွာ ဖြစ်ပေါ်ခဲ့သည်။ ကုမ္ပဏီများမှ မျက်စိလျှံလာသည့် ကျောက်များကိုသာ ရှာဖွေစားသောက်နေကြသည့် ရေမဆေးသမားတို့အရေးကို ခပ်ပေ့ါပေ့ါတွေးထားလျှင် ရှေ့ဆက်ဖြစ်လာနိုင်သည့် ပြဿနာများက လျော့သွားဖွယ်မရှိပါ။

ထိုပြဿနာများ လျော့ကျသွားဖို့ဆိုလျှင် အာဏာရှင်အစိုးရတို့၏ လုပ်ထုံးလုပ်နည်းနှင့်မတူသည့် နည်းလမ်းများရှာကာ ၎င်းတို့၏အကျိုးစီးပွားကို အကာအကွယ်ပေးသည့် ဖြေရှင်းမှုများ ပေါ်ထွက်လာရန်လို နေပါသည်။ ထိုသို့ပေါ်ထွက်လာရေးကလည်း လက်ရှိအစိုးရ၏ မျှတသောမူဝါဒများနှင့် ကျောက်မျက်ဥပဒေများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်နိုင်မှုအပေါ်တွင် မူတည်ပါလိမ့်မည်။

မြစ်ကြီးနားသတင်းဂျာနယ်

# သတင်းအတုအယောင်တွေ ရေးသားနေတာတွေကို စောင့်ကြည့်ဖော်ထုတ်သွားမည်

အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေမယ့် သတင်းတု၊ သတင်းမှားတွေရေးသားနေတဲ့ သတင်းမီဒီယာတွေကို စောင့်ကြည့်ဖော်ထုတ်သွားမယ်လို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက နိုဝင်ဘာလ ၂၀ ရက်က သဘောထားထုတ်ပြန် လိုက်ပါတယ်။

လူမှုကွန်ရက်ဖေ့စ်ဘွတ်ပေါ်က Daily News Myanmar သတင်းဌာနအမည်နဲ့ စာမျက်နှာကနေ "မန္တလေးတိုင်းဝန်ကြီးချုပ်ရဲ့ မိသားစုကုမ္ပဏီတွေ တင်ဒါအများစုအောင်မြင်နေလို့ လုပ်ငန်းရှင်တွေ မေးခွန်းထုတ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းရေးသားဖော်ပြခဲ့တာကို သတင်းမီဒီယာဥပဒေနဲ့အညီ ဖြေရှင်းပေးဖို့ မန္တလေးတိုင်းဝန်ကြီးချုပ်ကိုယ်စား အတွင်းရေးမှူးက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို တိုင်ကြားလာတာကြောင့် အခုလို စောင့်ကြည့်ဖော်ထုတ်ဖို့ ဆုံးဖြတ်လိုက်တာဖြစ်တယ်လို့ သိရပါတယ်။

အဲဒါနဲ့ ပတ်သက်လို့ ကောင်စီက အဲဒီသတင်းစာမျက်နှာဟာ တရားဝင်ဟုတ်မဟုတ် စင်ကာပူနိုင်ငံမှာရှိတဲ့ Facebook အဖွဲ့ကို မေးမြန်းစုံစမ်းခဲ့တယ်လို့ ထုတ်ပြန်ချက်အရ သိရပါတယ်။ အဲဒီ Daily News Myanmar သတင်းဌာနအမည်ရှိတဲ့ စာမျက်နှာ ၂ ခုဖြစ်နေပြီး တစ်ခုမှာ Ginger ဆိုတဲ့ ဝက်ဘ်ဆိုက်ဖြစ်ပြီး တစ်ခုကတော့ DNM လို့သုံးထားပြီး ဝက်ဘ်ဆိုက်မရှိကြောင်း ကောင်စီက စိစစ်တွေ့ရှိထားတယ်လို့ ထုတ်ပြန်စာမှာ ပါရှိပါတယ်။

ကောင်စီက ဖော်ထုတ်ရရှိတဲ့ အချက်အလက်တွေအရ DNM စာမျက်နှာကို သတင်းမီဒီယာဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

ဒါနဲ့ဆက်စပ်ပြီး သတင်းမီဒီယာတွေ လိုက်နာရမယ့် တာဝန်နဲ့ ကျင့်ဝတ်တွေကို လိုက်နာမှု ရှိမရှိနဲ့ ကျင့်ဝတ်လိုက်နာမှုမရှိဘဲ သတင်းတုတွေ၊ သတင်းအမှားတွေ ရေးသားနေတဲ့ သတင်းမီဒီယာတွေကို စောင့်ကြည့်ဖော် ထုတ်သွားမယ်လို့ ကောင်စီက သတင်းထုတ်ပြန်တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဦးမြင့်ကျော်က သတင်းတုတွေ သတင်းအမှားတွေ ဖြန့်ဝေတဲ့ စာမျက်နှာတွေကို ကောင်စီက သတင်းထုတ်ပြန်တာမျိုးသာ လုပ်နိုင်မှာဖြစ်ပြီး အရေးယူတာကတော့ အစိုးရမှာသာ တာဝန်ရှိကြောင်း ပြောပါတယ်။

"လူတွေက ရောနှောပြီး ဘယ်ဟာက သတင်းမီဒီယာအစစ်လဲ၊ ဘယ်ဟာက သတင်းမီဒီယာ နာမည်ပဲခံထားပြီး နာမည်ရော၊ လိပ်စာရော ဆက်သွယ်ဖို့ ဘာမှမရှိဘဲ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ လုပ်နေတာတွေလည်း ရှိတယ်။ စီးပွားရေး ရည်ရွယ်ချက်လည်း ရှိနိုင်သလို တခြားသော နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး ရည်ရွယ်ချက်လည်း ရှိတယ်။ ဒါကိုတော့ သတိပြုသင့်တယ်။ ပရိသတ်ကို သတိပြုမိအောင် ပညာပေးတာတို့ ခွဲခြားထုတ်ပြန်ကြေညာပေးတာမျိုးတို့ လုပ်ဖို့လိုအပ်တယ်။ သို့သော် လိုက်ပြီးတော့ ဖော်ထုတ်ပြီးအရေးယူတာမျိုးကတော့ ကောင်စီရဲ့ လုပ်ပိုင်ခွင့်ထဲ မပါဘူး။ အဲဒါကတော့ သက်ဆိုင်ရာအစိုးရကသာ လုံခြုံရေးကိစ္စတို့ တခြားအကြောင်း ကိစ္စနဲ့ လုပ်သင့်တယ်"လို့ ဆိုပါတယ်။

အမုန်းတရားတွေ ပြန့်ပွားအောင်၊ သတင်းအချက်အလက်အမှားတွေ ဖြန့်ဝေနေတဲ့ စာမျက်နှာတွေက သတင်းဌာနနာမည်တွေနဲ့ ဆင်တူပြုလုပ်ထားတာတွေ ရှိလာပါတယ်။ သတင်းဌာနနာမည်တွေနဲ့ဆင်တူတဲ့ စာမျက်နှာတွေကနေ သတင်းအတုအယောင်တွေ ဖြန့်ဝေတာတွေရှိသလို လူပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တဲ့ သတင်းမျိုးတွေနဲ့ ဘာသာရေး၊ လူမျိုးရေးဆိုင်ရာ ပဋိပက္ခဖြစ်စေမယ့် သတင်းတွေကိုလည်း ဖြန့်ဝေတာတွေ ရှိလာပါတယ်။

ဒီအပေါ်မှာ အစိုးရက ဆိုရှယ်မီဒီယာ စောင့်ကြည့်ရေးအဖွဲ့ကို ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပြီး စောင့်ကြည့်နေပါတယ်။ ဒါပေမဲ့ အခုချိန်ထိ အရေးယူဆောင်ရွက်တာတွေ တစ်စုံတရာ သတင်းထုတ်ပြန်တာတွေ မရှိသေးပါဘူး။

ဒီလို စောင့်ကြည့်ရေးမှာ ဗုဒ္ဓဘာသာအပေါ် အမုန်းတရားဖြန့်ဝေသူတွေကို အရေးယူဆောင်ရွက်တာတွေ မတွေ့ရကြောင်း၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းက အစိုးရကို မေးခွန်းထုတ်ခဲ့ပါသေးတယ်။

အခုဆိုရင် မြန်မာတစ်နိုင်ငံလုံးမှာ လူမှုကွန်ယက်ဖေ့ဘွတ်စ်သုံးစွဲသူ ၁၈ သန်း ရှိနေတယ်လို့ သိရပါတယ်။

RFA Burmese
https://www.rfa.org

# LDC 47 နိုင်ငံစာရင်းမှာ မြန်မာ ဆက်လက်ပါဝင်

၂၀၁၈ ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ(LDC)ဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာကို UNCTAD ခေါ် ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့က နိုဝင်ဘာလ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့ရာ နိုင်ငံပေါင်း ၄၇ နိုင်ငံအနက် မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။ မြန်မာနိုင်ငံနဲ့အတူ ဒေသတွင်းနိုင်ငံတွေဖြစ်ကြတဲ့ လာအို၊ ကမ္ဘောဒီးယားတို့အပြင် ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်နဲ့ နီပေါလ်နိုင်ငံတို့ ပါဝင်ကြတာ တွေ့ရပါတယ်။

ECOSOC လို့ခေါ်တဲ့ ကုလသမဂ္ဂစီးပွားရေးနဲ့ လူမှုရေးကောင်စီထံကို သီးခြားလွတ်လပ်တဲ့ ကျွမ်းကျင်ပညာရှင်တွေ တင်သွင်းတဲ့ အစီရင်ခံစာတွေပေါ် မူတည်ပြီး Committee for Development Policy ဖွံ့ဖြိုးမှုပေါ်လစီ ချမှတ်ရေးကော်မတီက သုံးနှစ်တကြိမ် LDC စာရင်းကို ပြန်လည်လေ့လာသုံးသပ်တာ ဖြစ်ပါတယ်။ ကော်မတီအနေနဲ့ သုံးသပ်ရာမှာ နိုင်ငံတွေကို LDC စာရင်းမှာ ထပ်ထည့်နိုင်သလို LDC စာရင်းကနေလည်း ပယ်ဖျက်ပေးနိုင်ပါတယ်။

ကော်မတီအနေနဲ့ တစ်ဦးချင်းဝင်ငွေ၊ လူသားအရင်းအမြစ်၊ စီးပွားရေး အခက်ကြုံနိုင်တဲ့ အလားအလာစတဲ့ အချက်သုံးချက်ပေါ် မူတည်ပြီး အကဲဖြတ်သုံးသပ်တာ ဖြစ်ပါတယ်။ ၂၀၁၈ မတ်လမှာ ပြန်လည်ပြီး နောက်ဆုံး သုံးသပ်ထုတ်ပြန်ခဲ့တဲ့ ဒီအစီအရင်ခံစာထဲမှာ တစ်ဦးချင်းဝင်ငွေ၊ လူသားအရင်းအမြစ်၊ စီးပွားရေး အခက်ကြုံနိုင်တဲ့ အလားအလာ စတာတွေကို အဓိကထားပြီး သတ်မှတ်ခဲ့တာဖြစ်တယ်လို့ UNCTAD ရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒီသုံးချက်အပြင် နိုင်ငံအနေနဲ့ လူဦးရေ ၇၅ သန်း မကျော်လွန်ဖို့လည်း လိုအပ်ပါတယ်။

နိုင်ငံတစ်ခုဟာ တစ်ဦးချင်းဝင်ငွေ အနည်းဆုံးနှစ်ဆ တိုးလာပြီး တစ်နှစ်ကို ဒေါ်လာ ၂၄၆၀ ခန့်ရရှိလာလျှင် ဒီအတိုင်း ဆက်လက်တည်တံ့မယ့် အခြေအနေရှိမယ်ဆိုရင်တော့ ကျန်တဲ့ နှစ်ချက်ကို မကြည့်တော့ဘဲ အဲဒီနိုင်ငံကို LDC စာရင်းက ဖယ်ထုတ်လိုက်မှာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

LDC စာရင်းကနေ တဖြေးဖြေးချင်း ဖယ်ထုတ်ပေးနိုင်မယ့် အလားအလာရှိတဲ့ သုံးနိုင်ငံတို့ကတော့ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ လာအိုနိုင်ငံတို့ဖြစ်ကြပါတယ်။ ၂၀၂၁ ခုနှစ်မှာတော့ အပြည့်အဝဖယ်ထုတ်ပေးနိုင်မယ့် အခြေအနေရောက်နိုင်ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၈၇ ခုနှစ်ကတည်းက စတင်ပြီး LDC စာရင်းမှာ တင်သွင်းခြင်းခံခဲ့ရတာဖြစ်ပြီး လက်ရှိ NLD အစိုးရလက်ထက်မှာ ဒီစာရင်းကနေ ပယ်ဖျက်ခွင့် ရရှိနိုင်အောင် ကော်မတီဖွဲ့ပြီး ကြိုးပမ်းနေတာဖြစ်ပါတယ်။

ဗွီအိုအေ၊ နိုဝင်ဘာ ၂၂

# နိုင်ငံခြားမြုပ်နှံမှု ဒေါ်လာသန်း ၄၃၀၀ မြန်မာရရှိခဲ့

21 November 2018 22:27 (+0630)(၂ ရက် ခန့်က)ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ FDI (Foreign Direct Investment) လို့ခေါ်တဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြုပ်နှံမှုစုစုပေါင်းအမေရိကန်ဒေါ်လာသန်းပေါင်းလေးထောင့်သုံးရာ (၄၃၀၀)ရှိခဲ့တယ်လို့ သိရပါတယ်။


ဒါဟာ LDC (Least Developed Countries) လို့ခေါ်တဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၄၇ နိုင်ငံထဲမှာ မြန်မာက ရင်းနှီးမြုပ်နှံမှု အများဆုံးရခဲ့တာ ဖြစ်တယ်လို့ ကုလသမဂ္ဂက နိုဝင်ဘာလ ၂၀ ရက်နေ့စွဲနဲ့ ထုတ်ပြန်တဲ့ "ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ၂၀၁၈ ခုနှစ်အစီရင်ခံစာ"မှာ ဖော်ပြထားပါတယ်။

မြန်မာပြီးရင် FDI အများဆုံးရတဲ့ နိုင်ငံတွေကတော့ အီသီယိုပီးယား၊ ကမ္ဘောဒီးယားနဲ့ ဘင်္ဂလားဒေ့ရှ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ်အတွင်းနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြုပ်နှံမှု ၄၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ကမ္ဘောဒီးယားထက် သုံးဆရှိခဲ့ပါတယ်။

မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ လာအိုနိုင်ငံတို့ဟာ မကြာခင်နှစ်တွေအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စာရင်းကနေ လွတ်မြောက်နိုင်ကြလိမ့်မယ်လို့ ကုလသမဂ္ဂ "ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့တစ်ဝန်းရင်းနှီးမြုပ်နှံမှုတွေ တိုးချဲ့နေတဲ့တရုတ်နိုင်ငံဟာ လာမယ့် ၂၀၃၀ ခုနှစ်အရောက်မှာ ကမ္ဘာပေါ်မှာ စီးပွားရေးအင်အား အကြီးမားဆုံးနိုင်ငံဖြစ်လာမယ်လို့ ခန့်မှန်းထားကြပြီး၊ အာရှတိုက်က ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံတွေဟာ တရုတ်ရဲ့ ခေတ်သစ်ပိုးလမ်းမ စီမံကိန်းအတွင်း ရောက်ရှိသွားကြဖွယ်ရှိတယ်လို့ Nikkei Asian Review သတင်းစာမှာ ဖော်ပြထားပါတယ်။

RFA Burmese









**တုတ်ထိုး**-ဩော်. . . သေခြင်းတရား၊ သေခြင်းတရား။
**အိုးပေါက်** - ဘာတွေများ တရားပေါက်နေပါလိမ့်။

**တုတ်ထိုး** - ရန်ကုန်မှာပါဗျာ။ ထရန်စဖော်မာ ပြင်နေတုန်း ဓာတ်လိုက်လို့ပြုတ်ကျသေဆုံးတဲ့ သတင်းဖတ်ပြီး သံဝေဂ ပွားနေတာ။
**အိုးပေါက်** - မီးပြင်နေချိန်မှာ လျှပ်စစ်လွှတ်သူကို အရေးယူရမှာပေါ့။

**တုတ်ထိုး** - တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက လွှတ်တော်မှာမေးခဲ့ဖူးတာ တစ်ခုရှိတယ်။ အခြေခံဝန်ထမ်းတွေ လုပ်ငန်းခွင်မှာ အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာကြောင့် အသက်ဆုံးရှုံးတဲ့အခါ ကရုဏာကြေးသာရပြီး နစ်နာကြေးမရလို့ နစ်နာကြေးရဖို့အစီစဉ်ရှိမရှိ သိရှိလိုတယ်ဆိုပြီး မေးခဲ့ဖူးတယ်။
**အိုးပေါက်** - အောက်ခြေလူတန်းစားဝန်ထမ်းဘဝတွေက ခက်ခဲပါတယ်။ ရတဲ့လစာနဲ့ အလုပ်နဲ့လစာ မမျှတကြတာများပါတယ်။

**တုတ်ထိုး** - အခုသေဆုံးခဲ့ရတဲ့ လူနှစ်ဦးဟာမသေသင့်ဘဲ သေဆုံးခဲ့ကြရတာပါပဲ။
**အိုးပေါက်** - ဒါနဲ့မန္တလေးမှာကလည်း နာမည်ကြီးနေတယ် နော်။

**တုတ်ထိုး** - ပြောစမ်းပါဗျာ။ မကြားမိလို့။
**အိုးပေါက်** - မီးပွိုင့်မှာ ရပ်နေတဲ့ ဆိုင်ကယ်ကို အနီရောင်ကားတစ်စီးက နောက်ကနေ အရှိန်နဲ့ ဝင်တိုက်မိခဲ့တယ်ဗျ။ အဲ့ဒီအဖြစ်စဉ်မှာ ပိုင်ရှင်ကိုယ်တိုင်မောင်းနှင်ခြင်း မဟုတ်ဘဲနဲ့ ငှားရမ်းသူလက်ထဲမှာ ဖြစ်ပွားခဲ့တာလို့ ယာဉ်ပိုင်ရှင်ဖြစ်သူက ရှင်းထားသဗျ။

**တုတ်ထိုး** - အတိုက်ခံရတဲ့ လူနှစ်ယောက် အခြေအနေကရော။
**အိုးပေါက်** - ပွဲချင်းပြီးပေါ့ဗျာ။ ကားက Toyota Lexus ပြိုင်ကား အနီရောင်ဗျ။ မီးနီလို့ ဆိုင်ကယ်နဲ့ရပ်စောင့်နေသူနှစ်ယောက်ကို တိုက်ပြီး ယာဉ်ထိန်းရဲအဆောက်အအုံ ကိုထပ်ပြီး တိုက်ခဲ့မိတာတဲ့။
**တုတ်ထိုး** - သာမန်ဆင်းရဲသားတွေဆီမှာတော့ ပြိုင်ကားမရှိတာ၊ ပြိုင်ကားမစီးနိုင်တာ သေချာတယ်။
**အိုးပေါက်** - အမှုမှန်တော့ အမြန်ပေါ်ပေါက်စေချင်တယ်ဗျို့။

**တုတ်ထိုး** - အင်း။
**အိုးပေါက်** - စည်းကမ်းမရှိသူတွေကြောင့် စည်းကမ်းရှိသူတွေ သေဆုံးကြရတယ်။တရားမရှိတဲ့သူတွေကြောင့် တရားရှိတဲ့သူတွေ အရောင်မှိန်ခဲ့ကြရတယ်။

**တုတ်ထိုး** - တာဝန်ယူမှု၊ တာဝန်ခံမှု မရှိတတ်သရွေ့တော့ တိုင်းပြည်ဟာ ဆင်းရဲတွင်းထဲက ထွက်နိုင်အုံးမှာမဟုတ်ဘူး။
**အိုးပေါက်** - အဲ့ဒါအသာထားပါဦး။ ဒီတစ်ပတ် ထူးခြားတဲ့ သတင်းထွက်လာတာရှိ တယ်။

**တုတ်ထိုး** - ဘာတဲ့။
**အိုးပေါက်** - ပြည်နယ်နဲ့တိုင်းဒေသကြီးဝန်ကြီးချုပ်လေးဦးနဲ့ ဝန်ကြီးအချို့ကိုမကြာမီလပိုင်းအတွင်း အနားပေးသွားမယ်ဆိုတဲ့ သတင်းတွေ ထွက်နေတယ်ဗျ။

**တုတ်ထိုး** - လဲသင့်တဲ့လူတွေကိုလဲတာ ကောင်းပါတယ်။ ချော်လဲရောထိုင်တဲ့ သူတွေ၊ နေရာယူပြီးအလုပ်မလုပ်တဲ့ လူတွေ၊ နေရာယူပြီး မဟုတ်တာလုပ်နေတဲ့လူတွေ၊ မလုပ်မရှုပ်မပြုတ်လူတွေ လဲသွားတာကောင်းတယ်။
**အိုးပေါက်** - NLD အစိုးရလက်ထက်မှာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမန်းဂျော်နီ၊ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့ကို တာဝန်ကနေ နုတ်ထွက်ခွင့်ပြုခဲ့တယ်။

**တုတ်ထိုး** - ဒီသတင်းကြားပြီး မဟုတ်တာလုပ်နေတဲ့ လူတွေတော့ မျက်ခုံးလှုပ်နေကြလောက်ပြီဗျ။
**အိုးပေါက်** - ဒီတစ်ခါငါစားရမယ့်အလှည့်ဆိုပြီး ထင်ရာစိုင်းနေတဲ့လူတွေအနားပေးတာပဲ ကောင်းပါတယ်။

**တုတ်ထိုး** - ယောအတွင်းဝန် ဦးဘိုးလှိုင်ပြောတာ သတိရတယ်။"အစ်မနှမ၊သမီးကကို စ၍ဆက်နွှင်း၊ လက်ဆောင်သွင်း၍စိုးမင်းချစ်မြတ်၊ ထိုအမည်သည်အတတ်မရှိ၊သတ္တိကင်းကွာဘုန်းကြီးလျှာမူ၊ ပြည်ရွာပျက်ကြောင်း တစ်ပါးတည်း" တဲ့။
**အိုးပေါက်** - ခေတ်သစ် ဦးဘိုးလှိုင်တွေ အများကြီးလိုတယ်ဗျ။

**တုတ်ထိုး** - နေရာဆိုလို့ ပြောရဦးမယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရဲ့ ဗဟိုအမျိုးသမီးညီလာခံ လုပ်မယ်တဲ့ဗျ။ USDP ရဲ့ ဥက္ကဋ္ဌ ဦးသန်းဌေးက လူငယ်ညီလာခံမှာပြောထားခဲ့တာ ရှိတယ်။ ပြည်ခိုင်ဖြိုးပါတီမှာ တာဝန်ယူမှုတာဝန်ခံမှုဟာ အရေးကြီးတဲ့အကြောင်း၊ တာဝန်ယူတတ်သူ၊ တာဝန်ကျေသူ၊ တာဝန်ခံတတ်သူအတွက်ထိုက်တန်တဲ့ နေရာကိုရမှာတဲ့။ တာဝန်မယူ၊ တာဝန်မခံဘဲ နေရာရထားရင် အသက်ကြီးသူ၊ ဝါရင့်သူဖြစ်ပေမယ့်နေရာမမြဲနိုင်ဘူးတဲ့။ ငယ်ရွယ်ပေမယ့် မဟုတ်တဲ့ကိစ္စတွေမှာအချိန်ကုန်ပြီးနိုင်ငံနဲ့လူမျိုးအတွက် အားမကိုးရတဲ့သူတွေကိုနေရာပေးမှာမဟုတ်ဘူးတဲ့။
**အိုးပေါက်** - ၂၀၂၀ မှာပြည်ခိုင်ဖြိုးပါတီပဲဖြစ်ဖြစ်၊ NLD ပါတီပဲဖြစ်ဖြစ်၊ ဘယ်ပါတီပဲဖြစ်ဖြစ် အနိုင်ရတဲ့အခါ ပြည်သူ့အပေါ်မှန်ကန်တဲ့မေတ္တာ၊ စေတနာထားစေချင်ပါတယ်။

**တုတ်ထိုး** - ဒီတစ်ခါ ငါစားရမယ့်အလှည့်ဆိုပြီး စားခွက်မလုကြဖို့ ပြောပါရစေဗျ။
အိုးပေါက် - အဲဒီလိုဆိုရင် အဲ့ဒီအစိုးရမျိုးဟာ နေရာမရနိုင်ပါဘူး။ရရင်လည်းကြာရှည်မခံပါဘူး။ အစိုးရတစ်ရပ် ကျဆုံးရတာမှာ အကြောင်းရင်းတွေ ရှိတယ်ဗျ။

**တုတ်ထိုး** - ဘာတွေတုံးဗျာ။
**အိုးပေါက်** - အခွန်အခအမျိုးမျိုးကို မတန်တဆနှုန်းထားတွေနဲ့စည်းကြပ်ပြီးစီးပွားရေးကိုထိန်းချုပ်ရင် အစိုးရဟာ ကျဆုံးတတ်ပါတယ်။ ပြီးတော့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ပိုင်ခွင့်တွေ၊ သွင်းကုန်လိုင်စင်တွေနဲ့ အစိုးရကန်ထရိုက်လုပ်ငန်းတွေအပေါ် လာဘ်ပေးလာဘ်ယူမှုပြုတာ၊ ပြီးတော့ မျက်နှာလိုက်ပြီး လုပ်ငန်းတွေချထားဆောင်ရွက်တာတွေပဲ။ အဲဒါကလည်းအစိုးရတစ်ရပ်ကို ကျဆုံးစေပါတယ်။ အဲ့ဒီလိုနိုင်ငံကိုလည်း ယိုင်ယွင်းပျက်စီးနေတဲ့နိုင်ငံလို့ သတ်မှတ်ရမှာပါပဲ။

**တုတ်ထိုး** - တင်ဒါစနစ်က လုပ်ငန်း ဖော်ဆောင်ရာမှာ စရိတ်အသက်သာဆုံး ဖြစ်အောင်၊ အရည်အသွေးကို အကောင်းဆုံးဖြစ်အောင်ဖန်တီးနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ လုပ်ငန်းတွေ ဖော်ဆောင်ဆောင်ရွက်သူနဲ့ ခွင့်ပြုသူတစ်စုံတစ်ယောက်ကြားမှာ မရိုးမသားမှုတွေရှိလာရင်၊ အဂတိလိုက်စားမှုတွေ ရှိလာရင် စရိတ်ပိုကြီးတတ်ပါတယ်။ ဒါမှမဟုတ်လည်း အရည်အသွေးကျဆင်းတတ်ပါတယ်။
**အိုးပေါက်** - ခင်ဗျားပြောမှ တင်ဒါဆွဲတဲ့ကိစ္စလေးတစ်ခုကြားဖူးနားဝရှိတာ ပြန်ပြောပြချင်ပါတယ်။


**တုတ်ထိုး** - ဆိုစမ်းပါဦးဗျာ။
**အိုးပေါက်** - ကန်ထရိုက်လုပ်ငန်းရှင်သုံးဦးဟာသမ္မတရဲ့ ခြံစည်းရိုးကာဖို့အတွက် အပြိုင်အဆိုင်တင်ဒါဆွဲဖို့ အုပ်ချုပ်ရေးအရာရှိတွေနဲ့ တွေ့ဆုံကြတယ်တဲ့။ ပထမကန်ထရိုက်က ခြံစည်းရိုးကာရမယ့် အတိုင်းအတာကို ပေကြိုးနဲ့တိုင်းတာယူပြီး ခဲတံတစ်ချောင်းနဲ့ ကုန်ကျငွေကိုတွက်ချက်တယ်။ ပြီးတော့တင်ပြတာပေါ့။ ဒေါ်လာကိုးရာကုန်ကျပါမယ် ဒေါ်လာလေးရာက ကုန်ကြမ်းအတွက်၊ ဒေါ်လာလေးရာက ပညာရှင်နဲ့အလုပ်သမားစရိတ်အတွက်၊ ဒေါ်လာတစ်ရာကတော့ ကျွန်တော်တို့အမြတ်ပါလို့ တင်ပြသတဲ့။

**တုတ်ထိုး** - . . . . . . ။
**အိုးပေါက်** - ဒုတိယ ကန်ထရိုက်က တင်ပြပါတယ်။ ဒေါ်လာခုနှစ်ရာနဲ့ လုပ်ပေးနိုင်ပါတယ်။ ဒေါ်လာသုံးရာကကုန်ကြမ်းခအတွက်၊ ဒေါ်လာသုံးရာကပညာရှင်နဲ့အလုပ်သမားစရိတ်ပေါ့။ ကျွန်တော်တို့အတွက်အမြတ်ကတစ်ရာပါပေါ့။

**တုတ်ထိုး** - သူကဈေးချိုတယ်။
**အိုးပေါက်** - တတိယ ကန်ထရိုက်ကတော့ ဘာမှ တိုင်းတာတွက်ချက်မှုမရှိဘဲ အရာရှိနားကပ်ပြီး တိုးတိုးလေးပြောသတဲ့။ "ဒေါ်လာ ၂၇၀၀" ကုန်ကျပါမယ်တဲ့။

**တုတ်ထိုး** - ဒီလူက များလှချည်လား။
**အိုးပေါက်** - ဒီတော့အထက်အရာရှိက ခင်ဗျားက ဘာမှမတွက်ချက်ဘဲနဲ့ ဘာဖြစ်လို့ဈေးကလည်း များနေတာတုံးတဲ့။ ဒီတော့တတိယကန်ထရိုက်က ပြန်ပြောတယ်။ "တိုင်းစရာတွက်စရာမလိုပါဘူးဗျာ" တဲ့။ ဒေါ်လာ ၂၇၀၀ ဆိုတာက ခင်ဗျားအတွက် ဒေါ်လာတစ်ထောင်၊ ကျွန်တော့်အတွက် ဒေါ်လာတစ်ထောင်၊ ပြီးတော့ ဒုတိယကန်ထရိုက်အကောင်ကို ခုနှစ်ရာနဲ့ငှားပြီး ခိုင်းစေတာပေါ့တဲ့။ အေးရော။

**တုတ်ထိုး** - ဩော်. . တင်ဒါ-တင်ဒါ-တင်ဒါဆိုတာ တင်ကြတာပါလားနော်။



www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(နိုဝင်ဘာ ၂၆ ၊ ၂၀၁၈)

# စိုက်ပျိုးရေးအတွက် အဓိကကျနေတဲ့ ဈေးကွက်ချိန်ခွင်လျှာ

မြတ်သွေးထက် ရေးသားသည်။




ကချင်ပြည်နယ်မှာ အရင်ကဆိုရင် ဆောင်းပေါက်လို့ လယ်သိမ်းပြီးချိန်တွေမှာ မိသားစုအတွက် ဝမ်းစာစပါး လုံလုံလောက်လောက် စုဆောင်းထားခဲ့ကြပြီး တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရလမ်းအဖြစ် ဖားကန့်တက်ပြီး ကျောက်တူးမလား၊ ရွှေကျင်းထောင်မလား၊ ပယင်းပဲရှာမလား ဒါမှမဟုတ် ဒီကျင်းတွေ ရှိရာသွားပြီး ကိုယ်ပိုင်ကျင်း မထောင်နိုင်လို့ နေ့စားပဲဝင်လုပ်မလား၊ ပစ္စည်းအပေါ်က အချိုးကျအစုစားပဲလုပ်မလား၊ သို့တည်းမဟုတ် အရင်းအနှီး နည်းနည်းပါးပါး ရင်းနှီးပြီး တပိုင်တနိုင် ဝယ်ရောင်းပဲလုပ်မလား စသဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေက ပေါမှ ပေါလို့ ဆိုရမှာပါ။ ဒါပေမဲ့ ဒီနေ့ကာလမှာ ဖါးကန့်ဒေသက ကျောက်တွေ ကုန်သလောက်နီးပါးဖြစ်လာသလို ရွှေထွက်ရာဒေသတွေလည်း မကျန်တော့သလောက် နီးပါးကို ဖြစ်နေပါပြီ။ ပယင်းတွင်းတွေကတော့ မျိုးမသုဉ်းလောက်သေးဘူးဆိုပေမယ့် ပြည်နယ်ရဲ့ သဘာဝပတ်ဝန်းကျင်ကို ရှေ့ရှုသောအားဖြင့် လက်ရှိအစိုးရက ပယင်းတူးဖော်နေမှုတွေကို ဒီနေ့အချိန်မှာ ကြပ်မတ်စောင့်ရှောက်ကာကွယ်ထားပါတယ်။

ဘာ့ကြောင့်တုန်းဆိုတော့ ဒီလိုကြပ်မတ်မှုမျိုးမရှိရင် သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုလုံး ပျက်စီးချင်တိုင်း ပျက်စီးရုံတင်မကဘဲ ရှိသမျှသယံဇာတ အားလုံး လက်ညှိုးထိုးပြစရာ မကျန်တော့လောက်အောင် လူသားတွေရဲ့ လောဘဇောက စက်ယန္တရားတွေနဲ့ တူးဖော်နေကြလို့ပါပဲ။ ဒါတောင် ဖားကန့်ဒေသက တောင်တန်းကြီးတွေ၊ တစ်ချိန်တုန်းက စိမ်းလန်းနေခဲ့တဲ့ အမြစိမ်းတောအုပ်ကြီးတွေ၊ မေခ မေလိခနဲ့ ဧရာဝတီ တစ်ကြောက ရွှေထွက်ရာနေရာတွေ ကုန်ခန်းပျောက်ကွယ်ခဲ့သလို အလုပ်အကိုင်အခွင့်အလမ်းတွေလည်း တစ်နေ့တခြား နည်းပါးလာနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့လည်း လက်ရှိအစိုးရက အနည်းငယ်သာ ကျန်ရှိနေတော့တဲ့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ကို လုံးဝအထိခိုက်မခံဘဲ အဘက်ဘက်က ချို့တဲ့နေတဲ့ တိုင်းပြည်ကို ပြန်လည်တည်ထောင်နေပါတယ်။ ဒါကြောင့် အခုလိုအလုပ်အကိုင်အခွင့်အလမ်းတွေ ရှားပါးလာနေတာကို နိုင်ငံသားအားလုံး တောင့်ခံကြမှာဖြစ်ပါတယ်။ ဒီလို တောင့်မခံချင်ကြဘူးဆိုရင်တော့ဖြင့် တိုင်းပြည်ထဲက သဘာဝသယံဇာတ အားလုံးကို မူးလို့တောင် ရှူစရာမရှိအောင် ထုတ်ရောင်းစားကြရုံကလွဲပြီး အခြားရွေးချယ်စရာလမ်းမရှိပါဘူး။

ဒါပေမဲ့လည်း ဒီ ကချင်ပြည်နယ်မှာ မြေပေါ်မြေအောက် ရေပေါ်ရေအောက် သယံဇာတတွေနဲ့ ပြည့်စုံကုံလုံနေရုံတင်မကပဲ မြေဆီမြေနှစ်မြေဆီလွှာအားလုံး ကောင်းမွန်နေအောင်ကို သဘာဝတရားကြီးက မျက်နှာလိုက်ထားတယ်လို့ ဆိုချင်ပါတယ်။ ဒါကြောင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်က ရှမ်းနီဒေသတွေမှာဆိုရင် CP ပြောင်းတွေကို ဧကသောင်းနဲ့ချီပြီး တစ်နှစ်သုံးသီးလောက် သီးထပ်စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေတာတွေ့ရပါတယ်။ နည်းပညာအပိုင်းအနေနဲ့လည်း ရိတ်သိမ်းစက်၊ ခြွေလှေ့စက်တွေနဲ့ လုပ်ကိုင်နေကြတာဖြစ်လို့တွင်တွင်ကျယ်ကျယ်ကို အောင်မြင်နေတယ်လို့ ဆိုရမှာပါ။ နောက်ပြီး ဖားကန့်ဒေသမှာ အလုပ်အကိုင် ပေါများစဉ်ကာလတွေတုန်းက စပါးရိတ်ပြီးတာနဲ့ ပစ်ထားလေ့ရှိတဲ့ မိုးကောင်း၊ မိုးညှင်း လွင်ပြင်ဒေသတွေက လယ်ကွင်းတွေ ဆိုရင်လည်း အခုချိန်မှာ မြေပဲတို့ နေကြာတို့လို ဆီထွက်သီးနှံတွေ အောင်အောင်မြင်မြင် စိုက်ပျိုးလာနေကြပါတယ်။ ဒါပေမဲ့ မြစ်ရိုးတစ်လျှောက်က ရှမ်းနီဒေသတွေမှာလို စက်မှုနည်းပညာပိုင်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေတာမတွေ့ရသေးပါဘူး။ တနိုင်းလွင်ပြင်ဒေသက လယ်ကွင်းတွေကတော့ စပါးရိတ်သိမ်းပြီးတာနဲ့ ကွင်းလွတ်တွေအဖြစ် ယနေ့အထိ တွေ့မြင်နေရပါသေးတယ်။ ဆိုလိုတာက တောင်သူတွေကို အပြစ်ပြောနေတာမျိုး မဟုတ်ဘဲ ရာသီဥတုနဲ့ကိုက်ညီတဲ့ စိုက်ပျိုးသီးနှံ အမျိုးအစားတွေကို ရွေးချယ်ပေးပြီး စိုက်ပျိုးစက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်စတဲ့ စက်မှုနည်းပညာပိုင်းတွေကို ပုဂ္ဂလိကကုမ္ပဏီတွေအနေနဲ့ သော်လည်းကောင်း နိုင်ငံတော်အစိုးရနေနဲ့သော်လည်းကောင်း ဧကအလိုက် အခကြေးငွေယူပြီး တောင်သူတွေကို အထောက်အပံ့ပေးနိုင်ရင် ပြည်တွင်းထုတ်ကုန်တွေ တိုးတက်လာမယ့်သဘောကို ပြောချင်တာပါ။

ပြောရရင် ယနေ့ခေတ် ပြည်တွင်းကုမ္ပဏီ တော်တော်များများက ကိုယ့်တိုင်းပြည်က ကုန်ပစ္စည်းကို အရည်အသွေးမီမီ ထုတ်လုပ်ထားပြီး ပြည်ပနိုင်ငံတွေကို တင်ပို့ရောင်းချကြဖို့ထက် နိုင်ငံတကာက ကုန်ပစ္စည်းတွေကို တင်သွင်းပြီး ပြည်တွင်းကို ဖြန့်ဖြူးရောင်းချကြဖို့ အားထုတ်နေကြတာပဲတွေ့နေရပါတယ်။ ဒီနေရာမှာ ပြောချင်တာက နိုင်ငံတကာက ကုန်ပစ္စည်းတွေကို ဝယ်ယူတင်သွင်းပြီး ပြည်တွင်းကို ဖြန့်ဖြူးရောင်းချတာမျိုးက ကုန်ပစ္စည်းထုတ်လုပ်တဲ့ နိုင်ငံတွေရဲ့ အမြတ်အစွန်း ဆယ်ပုံတစ်ပုံရတယ်ဆိုရင်တောင် မြတ်လှပြီလို့ ပြောရမယ့်အနေအထားပါ။ ဒီတော့ နိုင်ငံတော်အစိုးရအနေနဲ့ဖြစ်စေ၊ ပုဂ္ဂလိကကုမ္ပဏီတွေ အနေနဲ့ဖြစ်စေ စိုက်ပျိုးရေးထုတ်ကုန်တွေအပေါ် အာရုံစိုက်သင့်သလို နည်းပညာနဲ့ဈေးကွက်ကို ချိန်ခွင်လျှာညီမျှအောင် ချိန်ညှိပြီး နိုင်ငံတကာဈေးကွက်နဲ့ ချိတ်ဆက်နိုင်မယ်ဆိုရင် ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်လာမှာမို့ တစ်ဦးချင်းဝင်ငွေ တိုးတက်လာမှာ မလွဲပါဘူး။

ဒီနေရာမှာ အရေးကြီးတာက မြေဆီမြေနှစ်အလွန်ကောင်းပြီး မိုးများတဲ့ကချင်ပြည်နယ်မှာ သဘာဝမြေဩဇာ(Organic)သီးနှံတွေ စိုက်ပျိုးဖြစ်ထွန်းနိုင်တာမို့ ရာသီဥတုနဲ့ကိုက်ညီမယ့် သီးနှံတွေကို စိုက်ပျိုးရေးဌာနတွေက သုတေသနပြုဖို့ လိုပါလိမ့်မယ်။ ဈေးကွက် အနေနဲ့ကတော့ ကမ္ဘာ့လူဦးရေအများဆုံးတိုင်းပြည်ဖြစ်ပြီး ကွန်မြူနစ်စနစ်နဲ့ ပြည်တွင်းထုတ်ကုန်တွေကိုပဲ အသုံးပြုတဲ့ တရုတ်နိုင်ငံကို အားပြုလို့မရတာကိုလည်း သတိထားဖို့လိုပါတယ်။ တရုတ်ပြည်က ဝယ်တယ်ဆိုပြီး ဧကသောင်းချီ စိုက်ပျိုးတင်ပို့ခဲ့ကြလို့ ဖရဲခင်းပိုင်ရှင်တွေ နောက်ဆုံး သူခိုးဈေးတောင် မရတော့ဘဲ ဆုံးရှုံးနစ်နာခဲ့ကြရတဲ့ နမူနာမျိုးတွေလည်း ကချင်ပြည်နယ်မှာ မနည်းတော့ပါဘူး။

ဒါတွေကို ပြောနေရတာကတော့ တခြားကြောင့်မဟုတ်ပါဘူး။ (၁၆၊ ၁၁၊ ၂၀၁၈)ရက်နေ့က နောင်တာလောကျေးရွာမှာ ပို့ချသွားတဲ့ မှိုစိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၈) အကြောင်း ပြောချင်လို့ပါ။ ဒီသင်တန်းမှာ ထိုင်းနိုင်ငံက မှိုမျိုးစိတ်တွေဖြစ်တဲ့ ငွေနှင်းမှို (Oyster Mushroom)၊ ကြွက်နားရွက်မှို (Ear Mushroom)၊ ကောက်ရိုးမှို(Straw Mushroom)စတဲ့ မှိုသုံးမျိုးရဲ့ အခြေခံစိုက်ပျိုးနည်းကိုပြသပေးသလို မှိုမျိုးစိတ် ထုတ်ယူနည်းကိုလည်း သင်ကြားပေးသွားပါတယ်။ ဒီသင်တန်းကို အဓိက သင်ကြား ပြသပေးတာကတော့ “မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများ အသင်း (ကချင်ပြည်နယ်) (Myanmar Fruit, Flower and Vegetable Producer and Exporter Association (Kachin State) MFVP”ကပါ။ ဒီမှိုတွေထဲကမှ ကြွက်နားရွက်မှို(Ear Mushroom)လိုဟာမျိုးက မြန်မာနိုင်ငံသားအားလုံးရဲ့ ဓလေ့ထုံးစံအရ ကြွေးမွေးဧည့်ခံကြတဲ့ ပွဲလမ်းတွေမှာ အများဆုံးအသုံးပြုကြတဲ့ မှိုမျိုးဖြစ်ပါတယ်။ အခုဆိုရင် ဒီကြွက်နားရွက်မှိုကို တရုတ်ပြည်ကနေ တင်သွင်းသုံးစွဲနေရတာမို့ နိုင်ငံခြားကို အသားတင် ထွက်ငွေစာရင်းထဲပါနေတာကြောင့် ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်မယ်ဆိုရင် နိုင်ငံခြားထွက်ငွေကို ထိန်းချုပ်ပြီးသားဖြစ်သလို တစ်ဦးချင်း ပြည်တွင်းဝင်ငွေ(GDP)လည်း တိုးတက်လာနိုင်ပါတယ်။ ဒီလိုပဲ ဘီယာဆိုင်၊ အရက်ဆိုင်၊ စားသောက်ဆိုင်တွေ ရပ်ကွက်အချိုးအစားနဲ့ မကိုက်ညီအောင် များပြားလာနေတဲ့ ခေတ်မှာ ငွေနှင်းမှို (Oyster Mushroom)၊ ကောက်ရိုးမှို (Straw Mushroom)တွေကို အကင်တစ်မျိုး၊ အစိမ်းကြော်တစ်သွယ်လုပ်ပြီး စားသောက်ဖွယ်ရာများအဖြစ် ရောင်းချနေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒါကြောင့် မှိုစိုက်ပျိုးရေးလုပ်ကိုင်သူတွေအနေနဲ့ ပြည်တွင်းဈေးကွက်ကို ရှာဖွေရောင်းချနိုင်အောင် ကြိုးစားကြရမှာဖြစ်သလို “MFVP” အနေနဲ့လည်း သဘာဝမြေဩဇာ (Organic) စိုက်ပျိုးသီးနှံတွေအဖြစ် အာစီယံနိုင်ငံတွေသာမက အရှေ့အာရှတစ်ခုလုံးက ဈေးကွက်ကို ထိုးဖောက်ချိတ်ဆက်ထားနိုင်မယ်ဆိုရင် ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းနဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်လာနိုင်စရာ အကြောင်းရှိပါတယ်။ ဒါပေမဲ့ ကချင်ပြည်နယ်မှာ မှိုစိုက်ပျိုးဖို့ဆိုတာ ပူအိုက်စွတ်စိုတဲ့ မိုးတွင်းကာလတစ်ခုလောက်ပဲ စိုက်ပျိုးနိုင်မှာဖြစ်ပြီး အောက်မြန်မာနိုင်ငံနဲ့ လမ်းပန်းဆက်သွယ်ရေးစရိတ်စကက နှစ်ဆလောက်များပြားနေတာကိုလည်း ထည့်တွက်ဖို့လိုပါလိမ့်မယ်။ ဒီလိုပဲ နည်းပညာသုံးပြီး ဆောင်းတွင်းမှာ အပူပေးစနစ်နဲ့ မှိုစိုက်ပျိုးမယ်ဆိုရင်လည်း လျှပ်စစ်မီတာသုံးစွဲခက အောက်မြန်မာနိုင်ငံထက် နှစ်ဆလောက် ဈေးများနေပါတယ်။

နောက်ပြီး မဆလခေတ်က ကချင်ပြည်နယ်ရဲ့ ရာသီဥတုအနေအထားနဲ့ စိုက်ပျိုးသီးနှံအမျိုးအစားကို သုတေသနမလုပ်ဘဲ စိုက်ပျိုးခဲ့ကြတာကြောင့် မန်ခိန်ရပ်ကွက်မှာရှိတဲ့ ဆီအုန်းခြံတွေ၊ ရာဘာခြံတွေ မအောင်မြင်တာကို ကချင်ပြည်နယ်က ပြည်သူလူထုတွေ အားလုံးအသိပဲ ဖြစ်ပါတယ်။ တကယ်တော့ ရာဘာနဲ့ ဆီအုန်းပင်တွေဆိုတာ အီကွေတာမျဉ်းရဲ့ တောင်ဘက်ငါးဒီဂရီနဲ့ မြောက်ဘက်ငါးဒီဂရီအတွင်းက ပူအိုက်စွတ်စို ဒေသတွေဖြစ်တဲ့ တနင်္သာရီတိုင်းနဲ့ အင်ဒိုချိုင်းနားကျွန်းစွယ်တွေမှာပဲ အောင်မြင်ဖြစ်ထွန်းတာလို့ သိရပါတယ်။ ဒါကြောင့် ပေါ်တူဂီ၊ ဒတ်ချ်နဲ့ အင်္ဂလိပ်တွေ ရောက်လာကြပြီး သူတို့ရဲ့ စက်မှုထုတ်ကုန်တွေမှာ အသုံးပြုဖို့လိုနေတဲ့ ရာဘာအတွက် အင်ဒိုချိုင်းနားကျွန်းစွယ်ကို ကိုလိုနီပြုခဲ့ကြတာပါ။ ကချင်ပြည်နယ်ရာသီဥတုကတော့မိုးတွင်းကာလမှာတောင် မိုးရွာလိုက်တာနဲ့ အေးစက်သွားပြီး ရာဘာစေးတွေ မစီးနိုင်အောင် အေးခဲသွားသလို ဆီအုန်းတွေလည်း မကြီးထွားနိုင်တော့ပါဘူး။

ဒီတော့ ကချင်ပြည်နယ်မှာဆိုရင် လက်ရှိအနေအထားအရ(CP)ပြောင်းတွေ ဖြစ်ထွန်းနိုင်သလို မြေပဲတို့လို နေကြာတို့လို ပန်းနှမ်းတို့လို ဆီထွက်သီးနှံတွေ အောင်မြင်တာကို တွေ့နေရပြီး နိုင်ငံတော်အစိုးရအနေနဲ့ဖြစ်စေ ပုဂ္ဂလိကကုမ္ပဏီတွေအနေနဲ့ဖြစ်စေ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့စက် အသုံးပြုခကို မြေဧကအလိုက် အခကြေးငွေယူပြီး ပံ့ပိုးကူညီဖြေရှင်းပေးမယ်၊ တောင်သူတွေ ခေါင်းပုံဖြတ်မခံရအောင် တိကျခိုင်မာတဲ့ ဥပဒေတွေပြဋ္ဌာန်းပေးမယ်၊ ရာသီဥတုနဲ့သီးနှံ ကိုက်ညီမှုရှိမရှိ တိတိကျကျ သုတေသနပြုမယ်၊ လမ်းပန်းဆက်သွယ်ရေးနဲ့လျှပ်စစ်မီတာစရိတ်စကများပြားလွန်းနေတာတွေကို ဈေးသက်သာ အောင်ဖန်တီးပေးမယ်ဆိုရင် ကချင်ပြည်နယ်ရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေကို တိုင်းပြည်ဝင်ငွေအဖြစ် အားထားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ များပြားလာနိုင်တယ် ဆိုတဲ့အကြောင်းကို တင်ပြလိုက်ရပါတယ်။

# ကလေးတွေ ဦးနှောက်ဖွံ့ဖြိုးဖို့ အကောင်းဆုံးအစားအစာ

ကျန်းမာရေးနဲ့ညီညွတ်မျှတတဲ့ အစာအုပ်စုက ကလေးတွေရဲ့ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရုံသာမက ဦးနှောက်ကိုလည်း ဖွံ့ဖြိုးတိုးတက်စေပါတယ်။ မှန်ကန်တဲ့ အစားအစာတွေက ဦးနှောက်ရဲ့လုပ်ဆောင်ချက်၊ မှတ်ဉာဏ်နဲ့ အာရုံ စူးစိုက်မှုတွေကို တိုးတက်စေပါတယ်။ ခန္ဓာကိုယ်လိုပဲဦးနှောက်ကလည်း စားသုံးလိုက်တဲ့ အစားအစာတိုင်းရဲ့ အဟာရတွေကို စုပ်ယူပါတယ်။ ကလေးတွေကို ကျွေးမွေးရာမှာ တန်ဖိုးကြီး အစားအစာတွေကိုကျွေးမှ အာဟာရဓာတ်တွေ ပြည့်ပြည့်ဝဝရရှိတာ မဟုတ်ဘဲ ဈေးနှုန်းသက်သာပြီး အလွယ်တကူဝယ်ယူလို့ရတဲ့ အစားအစာတွေကို ကျွေးမွေးပြီးတော့လည်း သင့်ကလေးတွေရဲ့ ဉာဏ်ရည်ကို မြှင့်တင်ပေးနိုင်ပါတယ်။ ဒါကြောင့် ကလေးတွေရဲ့ဦးနှောက်ဖွံ့ဖြိုးအောင် အထောက်အကူပြုနိုင်မယ့် မိမိတို့ လက်တကမ်းက အာဟာရပြည့် အခြေခံအစားအစာ တချို့ကို ဝေမျှပေးလိုက်ပါတယ်။

**၁။ ဥအမျိုးမျိုး(Eggs)**

ပရိုတင်းဓာတ်ရရှိနိုင်တဲ့အရင်းအမြစ်ကြီး တစ်ခုဖြစ်ပြီး ဥရဲ့အနှစ်တွေဟာ Choline လို့ခေါ်တဲ့ ဗီတာမင်ပါဝင်တဲ့အတွက်ကြောင့် ဦးနှောက်ရဲ့ မှတ်သားဉာဏ်ကို ဖွံ့ဖြိုးစေပါတယ်။

**၂။မြေပဲထောပတ် (Peanut Butter)**

ကလေးတွေက မြေပဲထောပတ်ကြိုက်ကြပါတယ်။ မြေပဲထောပတ်မှာ ဗီတာမင်- E ၊ Antioxidants ပါဝင်ပြီးတော့၊ အဲဒါတွေက အာရုံကြောရဲ့ အမြေးပါးကို ကာကွယ်ပေးပါတယ်။ ဦးနှောက်အတွက် ကောင်းတဲ့ သဘာဝဓာတုဗေဒဓာတ်ပါဝင်တယ်။ ပြီးတော့ ခွန်အားဖြစ်စေတဲ့ ဂလူးကို့စ်ဓာတ်လည်း ပါဝင်ပါတယ်။

**၃။ ဂျုံနှင့်ပြုလုပ်ထားသော အစားအစာ (Whole Grain )**

ပေါင်မုန့်အစရှိတဲ့ ဂျုံနဲ့ပြုလုပ်ထားတဲ့ အစားအစာတွေဟာ ဂလူးကို့စ်ဓာတ်တွေ ပေးစွမ်းနိုင်တဲ့အတွက် အစားအစာတွေဟာဦးနှောက်မှလိုအပ်တဲ့စွမ်းအင် အရင်းအမြစ်ဖြစ်ပါတယ်။ ပေါင်မုန့်အသားညှပ်၊ ဘီစကွတ်အစရှိတဲ့ ဂျုံနှင့်ပြုလုပ်ထားတဲ့ အစားအစာတွေ သင့်ကလေးကို ကျွေးပါ။

**၄။ယာဂု ( Oats/ Oatmeal )**

ဦးနှောက်ရဲ့ စွမ်းအင်အရင်းအမြစ်ကောင်း တစ်ခုဖြစ်တယ်။ ဗီတာမင်-အီး၊ B complex နဲ့ Zinc ဓာတ်တွေ ပါဝင်တာကြောင့် ကလေးတွေရဲ့ဦးနှောက်ကို အကောင်းဆုံး အလုပ်လုပ်နိုင်စေပါတယ်။

**၅။ ပဲအမျိုးမျိုး (Beans)**

ပဲအမျိုးမျိုးဟာ နှလုံးအတွက်ကောင်းတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ ပဲအမျိုးမျိုးဟာ ကလေးတွေရဲ့ ဦးနှောက်အတွက်လည်း ကောင်းကျိုးပြုပါတယ်။ ဘာကြောင့်လဲဆိုတော့ ပဲမှာပါဝင်တဲ့ ပရိုတင်းဓာတ်၊ Complex Carbohydrates၊ အမျှင်ဓာတ်၊ ဗီတာမင်ဓာတ်နဲ့ သံဓာတ်တို့ ပါဝင်ခြင်းကြောင့်ဖြစ်ပါတယ်။ အဲဒါတွေဟာ စွမ်းအားကို အဆင့်မြင့်အောင် ထိန်းထားနိုင်ပါတယ်။

Omega-3 fatty Acid များစွာပါဝင်တဲ့အတွက် ဦးနှောက်ကြီးထွားမှုနဲ့ လုပ်ဆောင်မှုတွေကိုလည်း တိုးတက်ကောင်းမွန်စေပါတယ်။

**၆။ အရောင်စုံဟင်းသီးဟင်းရွက် ( Colorful Veggies )**

အရောင်တောက်တဲ့ဟင်းသီးဟင်းရွက်တွေက ဦးနှောက်ဆဲလ်တွေကို ကျန်းမာသန်စွမ်းစေတဲ့ အရင်းအမြစ်ကောင်းတွေပဲဖြစ်ပါတယ်။ စွပ်ပြုတ်ချက်ရာမှာ ကန်စွန်းဥ၊ ရွှေဖရုံသီး၊ ဥနီနဲ့ ခရမ်းချဉ်သီး အစရှိတဲ့ အသီးအနှံတွေ ထည့်ချက်ပေးခြင်းဖြင့် သင့်ကလေးတွေကို တိုက်ကျွေးနိုင်ပါတယ်။

**၇။နို့၊ ဒိန်ချဉ် (MilkandYogurt)**

"နွားနို့နဲ့ဒိန်ချဉ်မှာ ပရိုတင်းနဲ့ Carbohydrate များစွာပါဝင်တဲ့အတွက် ဦးနှောက်ကို ဖွံ့ဖြိုးစေပါတယ်။ ထောပတ်၊ ဒိန်ခဲတို့ဟာ ကလေးငယ်တွေ၊ ဆယ်ကျော်သက်တွေမှာ များစွာလိုအပ်နေတဲ့ ဗီတာမင်-ဒီ ပါဝင်တယ်။ အဆီနည်းတဲ့ ဒိန်ချောင်းတွေဟာ ဝါးစားလို့ကောင်းပြီးတော့ ကယ်ဆီယမ်ဓာတ်ပါဝင်တဲ့ အရင်းအမြစ်ဖြစ်ပါတယ်။

**၈။ အဆီမပါသောအမဲသား ( Lean Beef )**

အမဲသားမှာ သံဓာတ်ပါဝင်ပြီးကလေးတွေရဲ့စွမ်းအင်level ကို ထိန်းထားပေးနိုင်တဲ့အပြင် စာသင်ယူတဲ့နေရာမှာအာရုံစူးစိုက်မှုကိုလည်း အားကောင်းစေပါတယ်။ မှတ်ဉာဏ်ကောင်းစေတဲ့ သတ္တုဓာတ်လည်းပါဝင်တဲ့အတွက် အမဲသားကို စားသုံးသင့်ပါတယ်။ သက်သတ်လွတ်စားတဲ့ကလေးတွေအတွက်တော့ ပဲအမျိုးမျိုးကနေ အသားဓာတ်တွေကို ရရှိစေပါတယ်။

အထက်မှာ ဖော်ပြထားခဲ့တဲ့ အခြေခံအစာအုပ်စုတွေကို သားသမီးတွေအတွက် ကျွေးမွေးပြီး၊ သင်တို့ကလေးတွေရဲ့ ဦးနှောက် ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် လုပ်ယူဖို့ တိုက်တွန်းချင်ပါတယ်။

**မျိုးမြတ်မြတ်ပန်**

**Ref; Margaret Walsh Website**

# Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၂၃ - ၁၁ - ၂၀၁၈ မှ ၂၉ - ၁၁ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၉ း ၃၀ နာရီ ၊ ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင် - **ကြတ်ဂူ**

ညနေ ၃ း ၃၀ နာရီ ပွဲချိန်တွင် - **မုန်းစွဲ**






# တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ရုတ်သိမ်းပေးရန် ဂျပန်ရောက် ကချင်များဆန္ဒပြတောင်းဆို

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မြန်မာ့တပ်မတော်က ပြုလုပ်နေသည့် မတရားကျူးကျော်ထိုးစစ်ဆင်မှုများ၊ လူ့အခွင့်အရေးကျူးလွန်မှုများနှင့် ကချင်ပြည်သူများကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုတို့ကို ရုတ်သိမ်းပေးရန် ဂျပန်နိုင်ငံတွင် ရောက်ရှိနေသည့်ကချင်အမျိုးသား အစည်းအရုံး (KNO- Japan) အဖွဲ့ဝင်များနှင့် ကချင်အမျိုးသားများက နိုဝင်ဘာလ ၂၂ ရက်နေ့က ဆန္ဒပြတောင်းဆိုခဲ့ကြောင်း သိရသည်။

ထိုနေ့က ကချင်အမျိုးသားများနှင့် KNO အဖွဲ့ဝင်များသည် ကချင်ရိုးရာ ဝတ်စုံများဖြင့် ဂျပန်နိုင်ငံရှိ မြန်မာအခွန်ရုံး(သံရုံး)ရှေ့တွင် ဂျပန်စံတော်ချိန်ညနေ၃နာရီမှ၄နာရီအတွင်း ကန့်ကွက် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် KNO- Japan မှ သဘောထားထုတ်ပြန်ချက် ၄ ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာ့တပ်မတော်က တိုင်းရင်းသားဒေသဖြစ်သည့် ကချင်၊ ကရင်၊ ပလောင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်တို့ တွင် သာလွန်အင်အားသုံးပြီး ထိုးစစ်ဆင်နေမှုများ ရုပ်သိမ်းပေးရန်နှင့် တစ်ခုတည်းသော တပ်မတော်ဆိုရာတွင် ဖက်ဒရယ်တပ်မတော်ဖြစ်ရန်၊ တစ်ခုတည်းသော တပ်မတော်အတွက် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လုံးဝဖျက်သိမ်းပစ်ရန်၊ တပ်မတော်သည် ပြည်သူ့အစိုးရ၏ အောက်တွင်ရှိရန်ဟူ၍ ကချင်အမျိုးသားအစည်းအရုံး(ဂျပန်)၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် စစ်ဘေးဒုက္ခသည်များအတွက် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့သူများကို တားဆီးပိတ်ပင်နေမှုများလည်း ချက်ချင်းရပ်တန့်ပေးရန်နှင့် မြစ်ဆုံရေကာတာ တည်ဆောက်ရေးစီမံကိန်းကို နိုင်ငံတော်အစိုးရမှ အပြီးအပိုင် ရပ်တန့်ပေးရန် ဟူသည့် အချက်များလည်း တောင်းဆိုခဲ့သည်။

ထို့အတူ တိုင်းရင်းသားများ လိုလားသော ပင်လုံစာချုပ်၊ ပင်လုံညီလာခံကို အခြေခံသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရန်ကိုလည်း ကချင်အမျိုးသား အစည်းအရုံး(ဂျပန်)မှ တောင်းဆိုခဲ့သည်။

လဖိုင်လု

| ရွှေဈေး | |
|---|---|
| ခေါက်ရွှေ | ၁၀၃၈၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၇၇၉၀၀ ကျပ် |

| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၈၀၀၀၀/၇၆၀၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၆၅၀၀၀ ကျပ် |
| FEILING | ၅၆၅၀၀၀ ကျပ် |
| JIA LING | ၇၉၅၀၀၀ ကျပ် |
| CYCLONE | ၁၀၂၀၀၀၀ ကျပ် |

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို မြစ်ကြီးနားတွင် အခမဲ့လာရောက်ကုသမည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

ကချင်ပြည်နယ်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာရှင်များကို မြစ်ကြီးနားအထွေထွေရောဂါကု ဆေးရုံကြီးတွင် အခမဲ့ လာရောက်စစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Kindness Charity အဖွဲ့က ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင်လာရောက် ကုသပေးမည်ဖြစ်ကာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသမှုအတွက် နိုင်ငံတကာမှ ဝါရင့်ဆရာဝန်ကြီးများ အဖွဲ့တစ်ခုဖြစ်သော Rotary Club နှင့် အမေရိကန်အခြေစိုက် Alliance for Smile (AFS) အဖွဲ့တို့ ပူးပေါင်းပြီး လာရောက်ကုသပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ကုသချိန်အတွင်း ပထမရက်တွင် လူနာများကို စစ်ဆေးမှုများပြုလုပ်မည်ဖြစ်ပြီး လူနာအခြေအနေပေါ်မူတည်၍ ကျန်ရက်များတွင် ခွဲစိတ်ကုသမှုများဆောက်ရွက်သွားမည်ဖြစ်ကြောင်း Myanmar Kindness Charity မှ ဒါရိုက်တာနှင့် အထွေထွေအတွင်းရေးမှူးဦးတင်သိန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပထမတစ်ရက်ကြိုပြီးတော့ လူနာကလေးတွေကို အရင်ဆုံးစစ်ကြည့်ရမယ်။ အဲ့လိုစစ်တဲ့အခါ တချို့တွေက တအားငယ်သေးတယ်. . . ဆိုတဲ့ဟာမျိုးတွေဆို သူတို့ကို ခဏထားတယ်။ တချို့တွေကျတော့ နှုတ်ခမ်းကွဲရုံမဟုတ်ဘူး။ အာခေါင်ကွဲပါပါလာတယ်၊ ပြီးတော့ တခြား ဘာရောဂါတွေ ရှိလဲဆိုတာ စစ်ဆေးတယ်ပေါ့။ ပြီးတော့မှ စပြီး ခွဲစိတ်မှုလုပ်တယ်"ဟု ဦးတင်သိန်းက ပြောသည်။

လူဦးရေ ကန့်သတ်ထားသော်လည်း လူနာအခြေအနေပေါ်မူတည်၍ ကုသပေးနိုင်သမျှကို ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် လူနာဦးရေ အယောက် ၁၀၀ ခန့် ကုသပေးနိုင်ရန် ခန့်မှန်းထားကြောင်း ဦးတင်သိန်းက ဆက်လက်ပြောသည်။

"လူဦးရေ ကန့်သတ်ထားတယ်ဆိုတာ အန်ကယ်တို့က သိချင်တာပေါ့။ ဘယ်နှယောက်ရှိလဲဆိုတာ၊ ဒါပေမဲ့လို့ တကယ်တမ်း ရှိသမျှကို ရသလောက် ကျွန်တော်တို့ လုပ်ပေးသွားမှာပါ။ လူနာအနည်းဆုံး တစ်ရာလောက်လုပ်ပေးနိုင်မယ်လို့ မျှော်မှန်းထားတယ်။ ခက်ခဲတဲ့လူနာတွေဆိုရင် တစ်ရက်လုံးမှာမှ သုံးလေးယောက်ပဲ ခွဲနိုင်မယ်။ လွယ်တဲ့ဟာလေးတွေဆိုရင်တော့ တစ်ရက်ကို အနည်းဆုံး ၁၀ ယောက်လောက် ခွဲနိုင်တယ်"ဟု ဦးတင်သိန်းက ရှင်းပြပြောဆိုသည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများအတွက် လှုပရေးတွင် သာမက ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်စွာအသက်ရှင် နေထိုင်နိုင်ရေးအတွက် ရည်ရွယ်၍ အခမဲ့စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးရခြင်း ဖြစ်သည်ဟု Myanmar Kindness Group Founder ဒေါ်ခင်မာလာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဓိကကတော့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတာပေါ့။ တချို့ကလေးတွေဆို ကျောင်းမှာ မျက်နှာငယ်ရတယ်။ အလုပ် သွားလျှောက်တယ်။ တချို့တွေက လူရာမသွင်းဘူးပေါ့။ အဲ့ဒီအတွက်ကြောင့်မို့ သူ့ရဲ့ဘဝမှာ အခွင့်အရေး မဆုံးရှုံးရလေအောင်။ နောက်တစ်ခု နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဆိုတာ အသက်အန္တရာယ်ရှိတယ်။ သူက နှာခေါင်းထဲကို အစာမှားပြီး ဝင်သွားလို့ရှိရင် အန္တရာယ်ရှိတယ်။ အစားအသောက်စားရင် ခက်ခဲတယ်။ သတိထားပြီး စားနေရတယ်။ အသက်အန္တရာယ်ကိုလည်း ကယ်တင်တာပေါ့"ဟု ဒေါ်ခင်မာလာက ပြောသည်။



Myanmar Kindness Charity ကို ၂၀၁၇ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းများကိုလည်း မြန်မာပြည်အနှံ့တွင် လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။

အဆိုပါစစ်ဆေးကုသမှုကို နိုင်ငံတကာ ကျွမ်းကျင်ဆရာဝန်ကြီးများက ၁၀ ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး လူဦးရေ ကန့်သတ်ထားမှုကြောင့် ဖုန်းနံပါတ်- ၀၉ ၄၀၁ ၈၀၀ ၃၆၉၊ ၀၉၃၀၉၁၄၁၉၉၊ ၀၉ ၄၀၀ ၀၅၄ ၇၆၉ သို့ စာရင်းပေးသွင်းနိုင်သကဲ့သို့ Myanmar Kindness Charity Facebook Page မှလည်း စာရင်းသွင်းနိုင်ကြောင်း သိရသည်။

Ann

# ကချင်ပြည်နယ်သို့ အမျိုးသားကျန်းမာရေးကွန်ရက်လာရောက်ပြီး အခမဲ့ဆေးကု

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၂

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားကျန်းမာရေးကွန်ရက်က မြစ်ကြီးနားမြို့နယ်၊ ဆယ်မိုင် ဂျော်မဆတ်နှစ်ခြင်းဘုရားကျောင်းဝင်းအတွင်းရှိ စစ်ရှောင်များနှင့် ဝိုင်းမော်မြို့နယ် မိုင်းနား RC စစ်ရှောင်စခန်းတို့တွင် နိုဝင်ဘာလ ၂၀ နှင့် ၂၁ ရက်နေ့က ဆေးကုသမှုများ ပြုလုပ်ခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် သမားတော်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုဆရာမများက စစ်ရှောင်စခန်းရှိ မိသားစုဝင်များနှင့် ဒေသခံများအား ခွဲစိတ်ကုသမှုများ၊ ကလေးကျန်းမာရေး၊ သားဖွားနှင့် မီးယပ်ကုသမှုများ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါနှင့် အထွေထွေကျန်းမာရေးစောင့်ရှောက်မှုများကို ပြုလုပ်ခဲ့သည်။

ကချင်ပြည်နယ်သို့ လာရောက်ရခြင်းမှာ စစ်ဘေးရှောင်ပြည်သူများ၏ ကျန်းမာရေးနှင့်ပတ်သက်သော အခက်အခဲများကို ကူညီရန်နှင့် စိတ်ဓာတ်ခွန်အားပေးရန် လာရောက်ခြင်းဖြစ်ကြောင်း အမျိုးသားကျန်းမာရေး ကွန်ရက်မှ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးတာဝန်ခံ ဒေါက်တာစောဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဓိက'ကတော့ ဒီကိုလာရခြင်းဟာလည်း စစ်ဘေးရှောင်ပြည်သူတွေ တော်တော်လေးအခက်အခဲဖြစ်နေတာကို တွေ့ရတယ်။ သူတို့ကို တစ်ဖက်တစ်လမ်းကနေ အားပေးချင်တယ်။ ကျန်းမာရေးလည်း စောင့်ရှောက်တဲ့အနေနဲ့ လာတာပါ။ ဒါပြီးရင် သူတို့ကို စစ်ဆေးပေးပြီး လိုအပ်ရင် ဆေးရုံတွေကို ညွှန်းပေးတယ်။ ဆေးဆိုလည်း တစ်လစာပေးခဲ့တယ်။ ကျန်းမာရေးအသိပညာလည်းပေးတာပေါ့"ဟု ဒေါက်တာစောဝင်းက ပြောသည်။

စစ်ဘေးရှောင်ပြည်သူများကို နှစ်ရက်တာ ကုသရာတွင် ဗီတာမင်အာဟာရဓာတ်ချို့တဲ့သည့် ကလေးများနှင့် ဆီးချိုသွေးချိုရောဂါသည် လူကြီးများကို တွေ့ခဲ့ရသည်ဟုလည်း ဒေါက်တာစောဝင်းက ပြောသည်။

"ကချင်ပြည်နယ်စတဲ့ တောင်ပေါ်ဒေသတွေက မြို့ပြနဲ့မတူဘူး။ သူတို့က လမ်းလျှောက်တယ် ဒါကြောင့် ဆီးချိုက တခြားဒေသတွေထက် တောင်ပေါ်ဒေသက အဖြစ်နည်းတယ်။ (အသက်) ၈၀၊ ၈၅ လူကြီး ကျန်းကျန်းမာမာတွေ တောင်တွေ့ရပါတယ်။ အဲ့ဒီမှာမှ ကျန်းမာရေး အသိပညာတွေသာရှိရင် အများကြီး ကောင်းသွားမှာပေါ့။ အသက်ရှည်ရှည်နေနိုင်မယ်"ဟု ဒေါက်တာစောဝင်းက ပြောသည်။




ထိုသို့ နယ်လှည့်ကွင်းဆင်းကုသရေးဆောင်ရွက်ရာတွင် ပထမရက်က မိုင်းနားစစ်ဘေးရှောင်စခန်းတွင် လူဦးရေ ၄၀၀ ဝန်းကျင်နှင့် ဒုတိယရက်က ဂျော်မဆတ် စစ်ရှောင်စခန်းတွင်လူဦးရေ ၃၈၉ ဦးကို အခမဲ့ စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

နယ်လှည့် ကုသရေးဆောင်ရွက်မှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် သက်ဆိုင်ရာ ကိုယ်စားလှယ်များ အားပေးကြည့်ရှုခဲ့ကြသည်။

Ann/ Benadeth

# ကျောင်းပေါင်းစုံ လူရည်ချွန်စာမေးပွဲများ စစ်ဆေးတော့မည်



မြစ်ကြီးနား၊ နိုဝင်ဘာ ၂၂

လာမည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း အခြေခံပညာကျောင်းအဆင့်၊ မြို့နယ်အဆင့်နှင့် ခရိုင်အဆင့် လူရည်ချွန်စာမေးပွဲများ စစ်ဆေးသွားရန် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ နိုဝင်ဘာလ ၂၀ ရက်နေ့ ရက်စွဲဖြင့် ညွှန်ကြားထားကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထိုညွှန်ကြားချက်အရ ၂၀၁၈ - ၁၉ ပညာသင်နှစ်အတွက် လူရည်ချွန်စာမေးပွဲကို အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းမှ ကျောင်းသားများက ဖြေဆိုရမည်ဖြစ်ကြောင်း သိရပြီး၊ယင်းလူရည်ချွန်စာမေးပွဲများကို အဆင့်အလိုက် ကျင်းပနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများက အလေးထား ကြီးကြပ်ဆောင်ရွက်သွားရမည်ဟု ပါရှိသည်။

အဆိုပါ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတရေးဖြေနှင့် လူတွေ့နှုတ်ဖြေများကို ဖြေဆိုသွားရမည်ဖြစ်သည့်အပြင် ကိုယ်ကာယကြံ့ခိုင်ရေးနှင့် ယုံကြည်မှုစစ်ဆေးရာတွင် ဒေသအခြေအနေအရ စီစဉ်ဆောင်ရွက်သွားရမည်ဟု ညွှန်ကြားထားကြောင်း သိရသည်။

"စာမေးပွဲ ဖြေဆိုရမယ့်ရက်တွေကတော့ ဗဟိုကနေပဲ ဆွဲပေးလိုက်တယ်။ ဘယ်ရက်၊ ဘယ်ရက်မှာ ဘယ်ဘာသာတွေကို စစ်ရမယ်ဆိုပြီး ညွှန်ကြားချက်တော့ ရောက်နေပါပြီ"ဟု ပြည်နယ်ပညာရေးမှူးရုံးမှ ဒု/ညွှန်ဦးသန်းထွန်း (ပညာ) မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လူရည်ချွန်စာမေးပွဲကို ဖြေဆိုရန်အတွက် သက်ဆိုင်ရာကျောင်းများ၏ ပထမနှစ်ဝက်စာမေးပွဲတွင် ဘာသာရပ်အလိုက် အများဆုံးရမှတ်၊ ကျောင်းလုပ်ငန်းရမှတ်နှင့် ကာယလှုပ်ရှားမှုရမှတ်ပေါင်း အများဆုံး ကျောင်းသူ ၅ ဦးနှင့် ကျောင်းသား ၅ ဦးကို အတန်းအလိုက် ရွေးချယ်သွားရမည်ဟုလည်း ဦးသန်းထွန်းက ပြောသည်။

"ကျောင်းအဆင့်တို့၊ မြို့နယ်အဆင့်တို့ရဲ့ မေးခွန်းတွေကို ကျွန်တော်တို့ ပြည်နယ်ကပဲ မေးခွန်းတွေ ထုတ်ပြန်သွားမှာပါ။ ကျန်တဲ့ ခရိုင်အဆင့်ကိုတော့ ဗဟိုကနေပဲ မေးခွန်းထုတ်မှာပါ"ဟု ဆရာကြီး ဦးသန်းထွန်းက ပြောသည်။

မြို့နယ်အဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း လူရည်ချွန်စာမေးပွဲကို ဒီဇင်ဘာလ ၁၃ ရက်တွင် မြန်မာစာနှင့် အင်္ဂလိပ်စာနှစ်ဘာသာဖြေဆိုရမည်ဖြစ်ကာ ၁၄ ရက်နေ့တွင် အထွေထွေဗဟုသုတနှင့် လူတွေ့နှုတ်ဖြေ၊ ၁၅ ရက်နေ့တွင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုတို့ကို စစ်ဆေးမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာန၏ညွှန်ကြားချက်အရသိရသည်။

ထို့အပြင် ခရိုင်အဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း လူရည်ချွန်စာမေးပွဲများကို ဇန်နဝါရီလ ၁၀ ရက်နေ့တွင် မြန်မာစာနှင့် အင်္ဂလိပ်စာ၊ ၁၁ ရက်နေ့တွင် အထွေထွေဗဟုသုတနှင့် လူတွေ့နှုတ်ဖြေ၊ ၁၂ ရက်နေ့တွင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်ဟုလည်း ပါရှိသည်။

ဆိုင်း(ကချင်မြေ)

# ကူမင်း စိုက်/မွေးအခမဲ့ဒီပလိုမာ သင်တန်းသို့ ကချင်ပြည်နယ်မှ ကျောင်းသား ၃၀ သွားရောက်

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

တရုတ်နိုင်ငံ၊ ကူမင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှ ပေးအပ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာ တစ်နှစ်သင်တန်းသို့ အခမဲ့တက်ရောက်ရန် UCF ဝင်းအတွင်း ဖွင့်လှစ်ထားသော အခမဲ့တရုတ်စာ သင်တန်းကျောင်းမှ သင်တန်းသားများ ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

ယင်းပညာသင်ဆုအတွက် တရုတ်စာ အခမဲ့သင်တန်းကျောင်းမှ ကျောင်းသားအယောက် ၃၀ သွားရောက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး၊ ထိုကျောင်းသားများသည် နိုဝင်ဘာလဆန်းပိုင်းက တရုတ်နိုင်ငံကူမင်းမြို့တွင် သင်တန်းစတင် တက်ရောက်နေကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာသင်ဆုအတွက် တရုတ်တက္ကသိုလ် ပါမောက္ခချုပ်များနှင့် ဆက်သွယ်မိကာရရှိလာခြင်းဖြစ်ကြောင်းနှင့် အမှန်တကယ် တက်ရောက်လိုစိတ်ရှိသော စာသင်သားများကို စာမေးပွဲစစ် ရွေးချယ်ခဲ့ကြောင်း တရုတ်စာအခမဲ့သင်တန်း တာဝန်ခံဦးခက်ထိန်နန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"တရုတ် ပေါင်းဆန်း-ထိန်ချုံး နယ်စပ်ကုန်စည်ပြပွဲမှာ ကျွန်တော်တို့သွားတော့ ယူနန်စိုက်ပျိုးရေး တက္ကသိုလ်က ပါမောက္ခချုပ်နဲ့ လူကြီးတွေကို ပညာသင်ဆုအကြောင်း မေးဖြစ်တော့ အဆင်ပြေတယ်။ ကူညီပေးမယ်ပြောတယ်။ ကျွန်တော်က တရုတ်သင်တန်းက တကယ်တက်ရောက်ချင်စိတ်ရှိပြီး ကြိုးစားနေတဲ့ ကလေးတွေကို စာမေးပွဲစစ်ပေးပြီး အယောက်သုံးဆယ် ရွေးပြီး သွားခွင့်ရခဲ့တာပေါ့"ဟုဦးခက်ထိန်နန်က ပြောသည်။

၎င်းသင်တန်းတွင် ဝက်၊ နွား၊ ကြက်၊ ငါး မွေးမြူနည်းများကို အဓိက သင်ကြားပေးကြောင်း၊ လက်တွေ့ခာတ်ခွဲခန်း သင်ယူမှုများလည်းပြုလုပ်ရကြောင်း၊ မြစ်ကြီးနားတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း ပညာသင်ဆုရပြီး တရုတ်နိုင်ငံတွင် သင်တန်းတက်နေသူ မဂျာအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မြစ်ကြီးနားမှာလည်း စိုက်ပျိုးမွေးမြူရေး ထွန်းကားလာစေဖို့ မျှော်လင့်တယ်။ ဒီကနဲ့တော့ အစစအရာရာ ကွာခြားတယ်။ တရုတ်လိုပဲသင်တယ်။ တရုတ်စကား သိပ်မရရင်တောင် တရုတ်လိုပဲစာသင်ရတော့ နည်းနည်းလေးရလာတယ်။ ဓာတ်ခွဲစမ်းသပ်ခန်းတွေလည်း သွားပြီး လက်တွေ့လုပ်ရတဲ့ အပိုင်းတွေရှိတယ်။ မွေးမြူရေးအပိုင်း ဆိုရင် တိရစ္ဆာန်မွေးမြူရေးအပြင်ကို ကူးစက်ရောဂါ အကြောင်းတွေလည်း သင်ပေးတယ်"ဟု မဂျာအောင်က ပြောသည်။

မြန်မာနိုင်ငံသားများသည် စိုက်ပျိုးရေးကို အဓိက အားထားနေရသူများ ဖြစ်သောကြောင့် ယခုကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွင်တွင်ကျယ်ကျယ် လေ့လာနိုင်စေရန်နှင့် တရုတ်ဘာသာစကားကိုလည်း တတ်မြောက်လာစေရန် ရည်ရွယ်ပြီး ယခု ပညာသင်ဆုအစီအစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဦးခက်ထိန်နန်က ဆက်လက်ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာဆိုလည်း နေရာတကာ တရုတ်တွေအုပ်လာတော့ စီးပွားရေးလုပ်ငန်းရဲ့ ၈၀ ရာခိုင်နှုန်းလောက်က တရုတ်လက်ထဲမှာ။ ကျွန်းသစ်တွေ ဝါးတွေ သယံဇာတတွေ အကုန် သူတို့လက်ထဲမှာပဲ။ တရုတ်စကားတတ်ရင် တရုတ်စာတတ်မှ ကိုယ့်မိသားစု ကိုယ့်ပြည်နယ် ကိုယ့်တိုင်းပြည်ကို ကာကွယ်နိုင်မယ်။ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်မယ်"ဟု ဦးခက်ထိန်နန်က ဆက်လက်ပြောသည်။

ကူမင်းစိုက်ပျိုးရေးနှင့် မွေးမြူရေး ဒီပလိုမာသင်တန်းသည် တစ်နှစ်တာကြာမြင့်မည်ဖြစ်ပြီး ယခုတစ်ကြိမ် သွားရောက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

Ann






# သင့်ရဲ့ဖေ့စ်ဘုတ်အကောင့် အခိုးမခံရအောင်










အင်တာနက်မှာ လူသုံးအများဆုံးဖြစ်တဲ့ Facebook နဲ့ Massager လူမှုကွန်ရက်တွေမှာ အကောင့် Hack ဖို့ ကြိုးစားနေတာတွေကို ဆက်တိုက်ဆိုသလိုတွေ့လာရပါတယ်။ ဒါက အသုံးပြုသူတွေကို ငွေညှစ်ဖို့ အကြောင်းဖန်နေခြင်း ဖြစ်တယ်ဆိုတာ သတိပြုကြပါ။

ပထမဆုံးအနေနဲ့ အသုံးပြုသူတွေရဲ့ ဖေ့စ်ဘုတ်ပရိုဖိုင်ဓာတ်ပုံပါတဲ့ You Tube ဗီဒီယိုပုံစံတစ်ခုကို Link နဲ့တကွ မက်ဆင်ဂျာကနေ ပေးပို့ပါတယ်။ ကိုယ့်ရဲ့ ဖေ့စ်ဘုတ်သူငယ်ချင်းတစ်ယောက်ပေးပို့တဲ့ပုံစံနဲ့ ပို့တာပါ။ အဲဒီပေးပို့လာတဲ့ ပုံထဲမှာ သင့်ရဲ့ဓာတ်ပုံကို Like လုပ်သူနဲ့ ကြည့်ရှုသူ ဘယ်လောက်ရှိပြီ၊ ဝင်ကြည့်သူတွေ ထောင်သောင်းမက ရှိနေပြီဆိုပြီး စိတ်ဝင်စားအောင် ဆွဲဆောင်ထားပါလိမ့်မယ်။ သူပေးပို့လိုက်တဲ့ ပုံနဲ့ Phishing Link ကို နှိပ်ကြည့်မိအောင် ဆွဲဆောင်ထားတာပါ။ သွားမနှိပ်လိုက်မိပါစေနဲ့။ အဲဒီလင့်ခ်ကို နှိပ်ကြည့်လိုက်မယ်ဆိုရင် အသုံးပြုသူရဲ့ Username နဲ့ Password ကို တောင်းခံလာပါလိမ့်မယ်။ သူတောင်းတဲ့အတိုင်း Username နဲ့ Password ကို ပေးလိုက်မိရင်တော့ သူတို့လုပ်ငန်း အောင်မြင်သွားပါပြီ။ သင့်ကို ဒုက္ခပေးဖို့ ပထမခြေလှမ်း အောင်မြင်သွားတာပါ။

သူတို့ပေးပို့တဲ့ ပရိုဖိုင်ဓာတ်ပုံပါ Phishing Links ဆိုတာ အင်တာနက်ပေါ်က စစ်မှန်တဲ့အဖွဲ့တွေရဲ့ ဝက်ဘ်ဆိုဒ်နဲ့ အီးမေးလ်တွေကို မသမာသူတွေက ပုံစံတူပြုလုပ်ထားတာပါ။ Facebook, Massager အသုံးပြုသူတွေက ထင်ယောင်ထင်မှားဖြစ်ပြီး နာမည်နဲ့ လျှို့ဝှက်စကားလုံး (Username & Password)တွေကို သူတို့တောင်းတဲ့အတိုင်း ရိုက်ထည့်လိုက်ရင် သင့်အကောင့်ကို ဟက်ပြီး၊ အခိုးခံရပါပြီ။ အခုတလော မြစ်ကြီးနားက မိတ်ဆွေ သူငယ်ချင်းအတော်များများဆီကို သူတို့ရဲ့ ဖေ့စ်ဘုတ်သူငယ်ချင်းနာမည်တွေနဲ့ အဲ့ဒီ လို ဓာတ်ပုံနဲ့ Link မျိုးတွေ ပေးပို့ခံနေရတာကိုယ်တိုင် ကြုံတွေ့ခဲ့ရပါတယ်။ သူတို့ပို့တဲ့ လင့်ခ်ကိုနှိပ်ပြီး ကိုယ့်အကောင့် သူတို့လက်ထဲရောက် သွားတဲ့အခါ "မင်းအကောင့်ကနေ မဖွယ်မရာတွေ တင်လိုက်ရမလား ဆိုတာမျိုးတွေ၊ ပိုက်ဆံလှမ်းချေးတာမျိုးတွေ"လုပ်တတ်ပြီး မလုပ်စေချင်ရင် ပိုက်ဆံဘယ်လောက်ဆိုတာ မျိုးတွေနဲ့ ငွေညှစ်တယ်လို့ အမည် မဖော်လိုတဲ့ မိတ်ဆွေတစ်ဦးက ပြောပါတယ်။ Online Banking အချက်အလက်တွေကို ရောင်းစားခြင်း (သို့မဟုတ်) အကောင့်ထဲ ဝင်ရောက်ပြီး ဘဏ်စာရင်းများထဲက ပိုက်ဆံခိုးယူတာတွေ၊ အကြွေးစာရင်းဖွင့်တာတွေကို ပြုလုပ်တတ်ပါသေးတယ်။

Phishing Links တွေက App store နဲ့ Ads Links တွေလို၊ ကြော်ငြာ Links, Games နဲ့ App အမျိုးမျိုးကတစ်ဆင့် ဝင်ရောက်တတ်ပြီး ကိုယ့်ရဲ့သူငယ်ချင်းတွေဆီကို ကိုယ်ကပို့သလိုလိုနဲ့ Phishing Links ကနေ ပေးပို့တာပါ။

မိမိ၏သူငယ်ချင်းက ပေးပို့ထားသလို Massager ကနေ ပေးပို့တဲ့ Phishing Links ကို ဖွင့်မကြည့်မိကြစေဖို့၊ Login မဝင်မိကြစေဖို့၊ အကယ်၍ မသိလို့ login ဝင်မိခဲ့ရင် မိမိရဲ့ လျှို့ဝှက်စကားလုံး (Password) ကို ချက်ချင်းပြောင်းလဲပေးဖို့ အကြံပြုချင်ပါတယ်။

ဒါကြောင့် မိမိရဲ့ ဖုန်းနဲ့ ကွန်ပျူတာတွေထဲမှာ Antiviuous လို လုံခြုံရေး application တွေ ထည့်၊ update လုပ်ပြီး Scan လုပ်သင့်ပါကြောင်း သတိပေးလိုပါတယ်။

ခွန်းဝါ

## သီအိုရီ

မကျေနပ်မှုတွေကို ဒိုင်ခံပြီး
ဖောက်သည်ချလိုက်တယ်
ဟော. . . .
အတိုင်အဖောက်မညီတော့
သွားပြီပေါ့။

ခုကျမှ အာမခံမရတဲ့အဖြစ်လို
ထွန့်ထွန့်လူးမနေနဲ့တော့။

မစားရ ဝခမန်းတဲ့
ကြားဖူးတယ် မဟုတ်လား။

ဘာကို ရွေးချယ်မှာလဲ
လူတွေကြားထဲမှာ ပြုံးနေနိုင်ဖို့
ဓားသွေးနေဖို့ လိုတယ်။

မှတ်တမ်းမှတ်ရာဆိုတာ
စာရွက်ပေါ်မှာဆိုပေမယ့်
သမိုင်းကို ဖော်ကောင်လုပ်သူတွေ
မင်းအတွက် အန္တရာယ်။

ငါသိပါတယ်
မင်းဘာလဲ . . . . . ငါဘာလဲ
ခွာရာတိုင်းရမယ့် အချိန်မဟုတ်။

သီအိုရီအရ
ကမ္ဘာမြေမှာ ဆွဲငင်မှုတွေ
လက်တွေ့မှာ
အမြင့်ပေါ်က ကျတယ်ဆိုတာ
ခံရခက်လှပါတယ်။

လူတွေကြားထဲမှာ ပြုံးနေနိုင်ဖို့
ကြိုးစားဖို့တော့ လိုမယ်။

ဒွဲလာ

# လီဆူတိုင်းရင်းသားရေးရာဝန်ကြီးနှင့်အဖွဲ့က ဖားကန့်ဒေသကို ၁၂ ရက်ကြာ သွားရောက်စစ်ဆေး

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

ဖားကန့်ဒေသတွင် မြေစာပစ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် ခေါင်းပေါင်းကျင်းတူးဖော်သည့်လုပ်ငန်းများကို ခွင့်ပြုနိုင်ရန် ပြည်ထောင်စုအစိုးရထံ တင်ပြသွားမည်ဟု ပြည်နယ်အစိုးရအဖွဲ့ဝင် လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးအားတီယောဟန်က ပြောသည်။

ဖားကန့်ဒေသရှိ ကျောက်မျက်ကုမ္ပဏီပေါင်း ၃၉ ခုမှ လျှောက်ထားခဲ့သည့် ခေါင်းပေါင်းကျင်းလုပ်ငန်း ၈၆ ခုအနက်မှ ခွင့်ပြုသင့်သည့်လုပ်ငန်းအခု ၆၀ နှင့် မြေစာပစ်လမ်းကြောင်း ဖောက်လုပ်ရန် လျှောက်ထားသည့် လမ်းကြောင်း ၇၀ အနက်မှ ခွင့်ပြုရန်သင့်သည့်လမ်းကြောင်း ၂၇ ခုကို စစ်ဆေးတွေ့ရှိခဲ့သည်ဟု ဝန်ကြီးက ပြောသည်။

"မလိုလားအပ်ဘဲလျှောက်ထားတာတွေ တွေ့ရတယ်။ ၂၀၁၉ ဇန်နဝါရီလမှာ သက်တမ်းကုန်မယ့်ဟာတွေ လျှောက်ထားတာတွေ့ရတယ်။ မြေစာပစ်လမ်း ဖောက်ဖို့လျှောက်တဲ့အခါမှာလည်း အငြင်းပွားနိုင်တဲ့ နေရာတွေမှာ လျှောက်ထားတာ တွေ့ရတယ်။ အဲလိုမျိုးတွေကိုတော့ မသင့်ဘူးလို့ မှတ်ချက်ပြုတယ်"ဟု ဝန်ကြီးဦးအားတီယောဟန်က ဆက်လက်ပြောပြသည်။

ဖားကန့်ဒေသ၌ ၂၀၁၆ ခုနှစ်နောက်ပိုင်း လုပ်ကွက်အသစ်များကို လုပ်ကိုင်ခွင့်ချထားပေးခြင်းမရှိသလို လုပ်ကွက် အဟောင်းများကို သက်တမ်းတိုးခွင့် မပေးခဲ့သော်လည်း သက်တမ်းကုန်သည့် လုပ်ကွက်များတွင် စက်ယန္တရားကြီးများဖြင့် တူးဖော်နေသည်ကို တွေ့ရကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရပြီး ယင်းအရေးနှင့် ပတ်သက်၍ ဖြေဆိုရန် ခက်ခဲနေသေးသည်ဟုလည်း ဝန်ကြီးက ပြောသည်။

"ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးတဲ့ နေရာမှာတော့ အဲဒီလောက်မတွေ့ရဘူး။ ဖားကန့်ဒေသဟာ မြန်မာတစ်နိုင်ငံလုံးရဲ့ အခွန်ရရှိတဲ့နေရာဖြစ်တော့ သက်ဆိုင်ရာဌာနတွေက အဖက်ဖက်က ပိုပြီးမှ ဂရုစိုက်ရတယ်။ အဲဒီစိန်ခေါ်မှုကတော့ အရမ်းကျယ်ပြန့်တယ်။ ဒီသက်တမ်းကုန်တာတွေကို ဥပဒေဘောင်ထဲက ဆွဲသွင်းပြီးတော့ လုပ်နိုင်ဖို့ကျတော့ ဌာနတစ်ခုနဲ့ မပြီးဘူးထင်တယ်။ အဲဒါကြောင့် ဒီအချိန်မှာ ဘယ်လိုဖြစ်မယ်ဆိုတာ ပြောဖို့ အချိန်မတန်သေးဘူးလို့ ထင်ပါတယ်" ဟုလည်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စု အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ ပြည်နယ် အစိုးရအဖွဲ့ဝင် လီဆူတိုင်းရင်းသား ရေးရာဝန်ကြီး ဦးအားတီယောဟန်နှင့်အဖွဲ့တို့သည် နိုဝင်ဘာလ ၁၀ ရက်နေ့မှစတင်ကာ ဖားကန့်ဒေသတွင် ၁၂ ရက်ကြာ သွားရောက်စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိသည့် အချက်အလက်များကို ပြည်ထောင်စုအဆင့်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

## မြစ်ကြီးနာဂျာနယ်မှာ ကြော်ငြာပါ

လူကြီးမင်းတို့၏
အမည်ပြောင်းကြော်ငြာများ ၊
ပစ္စည်းပျောက်ကြော်ငြာများ၊
မွေးနေ့ဆုတောင်းများကို
မြစ်ကြီးနားသတင်းဂျာနယ်မှာ
ထည့်သွင်းကြော်ငြာနိုင်ပါသည်။
စာစောင်ပေါ်တွင် သင့်တင့်သော
ဈေးနှုန်းဖြင့် အခပေးကြော်ငြာ
ရုံဖြင့်စာဖတ်ပရိသတ်
၅သိန်းနီးပါးရှိသော
Myitkyina News Journal Facebook Page တွင်အခမဲ့
ကြော်ငြာပေးသွားမည်ဖြစ်သည်။

**ဆက်သွယ်ရန်**

ဖုန်း - ၀၉-၄၀၀၀၁၂၁၉၃၊ ၀၉-၄၀၀၀၄၈၆၈၀
Email: myitkyinajournal@gmail.com

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




| စာသမားဂရု အမှတ်တရ စာစုများ |
|---|
| စာရေးသူ = ကလောင်စုံ |
| စာအုပ်တိုက် - မဟာစာပေ |
| တန်ဖိုး = ၁၅၀၀ ကျပ် |


အွန်လိုင်းပေါ်မှ စာပေသမားဂရုတို့၏ အမှတ်တရစာစုများဆိုပြီး ထုတ်ဝေလိုက်သည့် စုစည်းမှုစာအုပ် ဖြစ်သည်။ စာပေဝါသနာရှင်များနှင့် စာရေးဆရာအချို့တို့၏ အရေးအသားများ ဖြစ်သည်။ စာပေသမားဂရုမှ စာသမားများမှာ ခေတ်ပြိုင် နိုင်ငံတကာစာပေများ၊ မြန်မာဝတ္ထုများကို နှံ့စပ်သော စာပေဝါသနာရှင်များဖြစ်ကြောင်းကို သူတို့၏ ရယ်စရာ (အခ္ခိ) ကောန်မန့်များတွင် တွေ့ရှိရသည်။

စာပေသမား ခုနှစ်ယောက်၏ အရေးအသား ခုနှစ်ပုဒ်နှင့်အတူ ခေတ်ပြိုင်အတွေးများကို ဖတ်ရှုရမည်ဖြစ်သည်။ စာသမားများ၏ အရေးအသားများမှာ ရဲရဲတွေး၊ ရဲရဲရေးထားသော ခေတ်ပြိုင်အရေးအသားများဟု ဆိုနိုင်ပါသည်။ တူးတူးညိုလင်း၊ ရဲဆွေသားကြီး(မိုးကုတ်)၊ နေ၊ ကျော်စွာ(ဆေး-၂)၊ မယ်ကျွိ၊ မိုးသားလတ်စသည့်စာရေးသူ ခုနှစ်ဦး၏ လတ်ဆတ်ပွင့်လင်းသော အရေးအသားများကို ယခုစာအုပ်တွင် ဖတ်ရှုရမည်ဖြစ်သည်။

ဟိုတယ်ခန်းထဲက ခုတင်ပေါ်မှာအိမ်မြှောင်တစ်ကောင်လို လေးဘက်တွားပြီး တက်လာတဲ့ တရုတ်တစ်ကောင်ရဲ့ အောက်မှာ ကျွန်မဟာ စက်ရုပ်တစ်ရုပ်လို အလိုက်သင့် လှုပ်ရှားပေးနေရတယ်။ ဘာခံစားမှုမှမရှိဘဲ ကျွန်မပါးစပ်က ထွက်လာတဲ့ ညည်းတွားသံတွေရဲ့အောက်မှာ သူ ခပ်မြန်မြန် ပြီးသွားပါစေတော့ ဆိုတဲ့ ဆန္ဒတစ်ခုထက် ဘာမှ ကျော်လွန်မသွားခဲ့ဘူး။ ပိုက်ဆံကြောင့် အတူအိပ်ပေးရတဲ့ မိန်းမတစ်ယောက်ဆီမှာ ဒီ့ထက်ပိုတဲ့၊ ဘယ်လိုလေးနက်တဲ့ ခံစားမှုမျိုးမှလည်း ရှိမနေခဲ့ဘူး။ သူ့ဘက်က လှုပ်ရှားမှုတွေက တဖြည်းဖြည်းအရှိန်မြင့်လာတယ်။ ကျွန်မကို နမ်းဖို့ကြိုးစားနေတဲ့ သူ့နှုတ်ခမ်းကို ကျွန်မကပဲ ဆွဲယူပြီးစုပ်ပေးထားလိုက်တယ်။ သူ ကောင်းနေတဲ့အချိန်မှာ ကျွန်မဘက်ကသာမန်ထက်ပိုတဲ့ ညည်းတွားသံကို ခပ်မြန်မြန်လေးထုတ်ပေးလိုက်တယ်။

ကျောက်တုံးတစ်ခုကို အားကုန်သုံးပြီး ကောက်မလိုက်သလို လည်ချောင်းထဲက ဖျစ်ညှစ်ပြီးအော်လိုက်တဲ့ အသံတစ်ခုကြားလိုက်အပြီးမှာတော့ ခုနက လှုပ်ရှားနေတဲ့အဆီတုံးကြီးဟာ ကျွန်မခန္ဓာကိုယ်ပေါ် ပစ်ကျသွားတယ်။ ပြီးပြီ။ ဒါပဲ။ ကျွန်မ မြန်မြန်ပြန်မှ ရမယ်။ အသက်ကို ပုံမှန်ဖြစ်တဲ့အထိ ဝအောင်ရှူပြီး ကျွန်မအပေါ်က အဆီတုံးကြီးကို ဘေးကို ဖြည်းဖြည်းချင်း ဆွဲချလိုက်တယ်။ (စာ- ၆၉ ၊ လူသားစားသောလင်းနို့များမှ)

---




| နိုင်ငံရေး အိုင်ဒီအိုလိုဂျီ |
|---|
| စာရေးသူ = နိုင်ဦး |
| စာအုပ်တိုက် = The Key စာပေတိုက် |
| တန်ဖိုး = ၄၀၀၀ ကျပ် |

မူရင်းကျမ်းပြုသူ အင်ထရူးဟေးဝုဒ်၏ political Ideologies ; an introduction ကို ဆရာနိုင်ဦးမှ နိုင်ငံရေးအိုင်ဒီအိုလိုဂျီ အမည်နှင့်ဘာသာပြန်ထားခြင်း ဖြစ်သည်။ အင်ထရူးဟေးဝုဒ်မှာ အော့ပင်တန်ကောလိပ်(ဂျာမနီ)မှ နိုင်ငံရေးသိပ္ပံသင်ရိုးနှင့် သင်ကြားရေးဒါရိုက်တာတစ်ဦးဖြစ်သလို နိုင်ငံရေးစာပေများ ရေးသားနေသူ စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ ယခုစာအုပ်တွင် နိုင်ငံရေးအယူဝါဒ အမျိုးမျိုးကို အစဉ်အဆက် ရေးသားထားပြီး နှစ်ဆယ့်တစ်ရာစု နိုင်ငံရေးဝါဒ အမျိုးမျိုးအကြောင်းကို လေ့လာတင်ပြထားသည်။

ကွန်ဆာဗေးတစ်တို့ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသော လောကအမြင်တစ်ခုမှာ အစဉ်အလာကို ကာကွယ်ရမည်ဆိုသော သဘောထားဖြစ်သည်။ သို့အတွက်လည်း လူမှုအခြင်းအရာအားလုံး၌ ပြောင်းလဲမှုကို မလိုလားကြ။ အစဉ်အလာဟု ဆိုရာ၌လည်း အချိန်ကာလအားဖြင့် မှတ်ကျောက်တင်ထားသော တန်ဖိုးများ၊ အလေ့အကျင့်များနှင့် ပြဋ္ဌာန်းချက်များဖြစ်သည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းလာခဲ့သော အစဉ်အလာကောင်းများလည်းဖြစ်သည်။ သို့တိုင် အစဉ်အလာကို ထိန်းသိမ်းခြင်း၌ မြောက်မြားစွာသော ဆင်ခြေများရှိနေပါသည်။ အဓိကအကြောင်းတရားမှာ လူမှုပြဋ္ဌာန်းချက်များနှင့် အစဉ်အလာ အလေ့အကျင့်တို့မှာ သမိုင်း၏ စမ်းသပ်မှုမှ လွန်မြောက်ကျော်လွှားနိုင်ခြင်းဖြစ်သည်။ အချို့ကွန်ဆာဗေးတစ်တို့အတွက် အဆိုပါဆင်ခြေမှာ ဘာသာရေးယုံကြည်မှုနှင့် တစ်ဆက်တည်းဖြစ်သည်။ မည်သို့ရှိစေ ကွန်ဆာဗေးတစ်အများစုအတွက် အစဉ်အလာကို ကာကွယ်ခြင်းဆိုသည်မှာ ဘုရားပေးသောလက်ဆောင် ဆိုသည့်ဆင်ခြေသက်သက်တော့ မဟုတ်ပါ။ အခြားခိုင်လုံသော အကြောင်းတရားများလည်း ရှိပါသည်။

အစဉ်အလာကိုထိန်းသိမ်းရခြင်း၌သမိုင်း၏မှတ်ကျောက်အပြင် အခြားအကြောင်းတရားတစ်ခုမှာ အမျိုးသားရေးသရုပ်သကန်ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွက်ဖြစ်စေ၊ လူတစ်ဦးချင်းအတွက်ဖြစ်စေ၊ အစဉ်အလာနှင့် အလေ့အထတို့က နေရာနှင့်စုစည်းမှု ခိုင်မြဲမှုတို့၏ အထောက်အပံ့ကိုပေးသည်။ ဒါ တို့မြေ၊ ဒါ တို့ယဉ်ကျေးမှုဆိုသော အမှတ်တံဆိပ်ကိုခပ်နှိပ်နိုင်သည်။ တစ်နည်းအားဖြင့် အစဉ်အလာကပေးသော အဆိုပါစိတ်ခံစား ချက်များမှာ အခြားအိုင်ဒီအိုလိုဂျီအားလုံးထက်လည်း သန်စွမ်းကြံ့ခိုင်ခြင်းရှိသည်။ သမိုင်း၌လည်း အမွန်၊ အစ ရှိသည်။ အတိတ်နှင့် ဆက်စပ်နေသော နှောင်ကြိုးများဖြင့် လူ့အဖွဲ့အစည်းဝင်အားလုံးကို စုစည်းထားသလို တစ်လှေတည်းစီးသူများဟူသော အသိစိတ်ကိုလည်းပေးသည်။ (စာ - ၈၀ မှ)

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း
( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မွှေး | ၂၂၀၀ ကျပ် |
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန်ငါးပိ ရိုး/ရှယ်(၁ပိဿာ) | ၁၅၀၀/၂၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| (မွေးမြူရေး )ကြက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၃၀၀၀ကျပ် |
| ပဲစင်းငုံ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၈၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်ခြောက်ရှည် (၁ပိဿာ) | ၈၀၀၀ ကျပ် |
| ငရုတ်ပွခြောက် | ၈၀၀၀ ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

# နိုင်ငံသားတိုင်း သိထားသင့်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု

စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်ဟု ဆိုနိုင်သလို တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းစစ် ချုပ်ငြိမ်းရေးအတွက်လည်း အဓိက အဖြေဖြစ်သည်။ လက်ရှိ အစိုးရနှင့် တပ်မတော်တို့ ဦးစီးကျင်းပပြုလုပ်နေသော ၂၁ ရာစု ပင်လုံ ညီလာခံသည်လည်း စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး ကို တည်ဆောက်နိုင်ရေး ကြိုးပမ်းမှုဖြစ်သည်ဟု နားလည်ရသည်။


ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့ ကြိုးပမ်းရာတွင် တိုင်းသူပြည်သားအားလုံးသည်လည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ အနှစ်သာရ၊ အဓိပ္ပါယ်ကို နားလည်ဖို့ လိုအပ်ပါသည်။ ဒီမိုကရေစီဆိုတာဘာလဲ၊ ဖက်ဒရယ်ဆိုတာဘာလဲ၊ အစိုးရဘာကြောင့် ပေါ်ပေါက်လာရတာလဲ၊ မြန်မာနိုင်ငံ၏ လက်ရှိအစိုးရအုပ်ချုပ်ပုံအဆင့်ဆင့်က ဘယ်လိုရှိသလဲ၊ တိုင်းရင်းသား တန်းတူအခွင့်အရေးဆိုတာဘာလဲ၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေက တိုင်းရင်းသားတန်းတူအခွင့်အရေးကို ပေးထားပါသလား၊ စသော အကြောင်းအရာများကို ပြည်သူများအနေဖြင့် သိရှိရန်လိုအပ်သည်။ ဤအကြောင်းအရာများကို သိရှိအောင်လေ့လာထားမှသာလျှင် မိမိတို့၏ဒီမိုကရေစီခရီးပန်းတိုင်ကို သိရာရောက်မည်။


ဒီမိုကရေစီ သဘောတရားကို သိရှိနားလည်မှသာ သက်ဆိုင်ရာအစိုးရနှင့် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ၏ လုပ်ရပ်များသည် အများပြည်သူကို အကျိုးပြု၊ မပြု သိရှိမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများ၏လုပ်ရပ်များကိုအကဲဖြတ်ပြီး နောက်တစ်ကြိမ် အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ် ဖြစ်သင့်၊ မဖြစ်သင့်ကို ရွေးကောက်ပွဲမှတစ်ဆင့် ဆုံးဖြတ်ရမည် ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို လိုလားကြသော်လည်းပြည်သူလူထုကြားမှာ ဒီမိုကရေစီစနစ်အကြောင်းကို ကောင်းကောင်းနားလည် သဘောပေါက်မှုနှင့် စိတ်ဝင်စားမှု အလွန်ပင်အားနည်းနေသေးကြောင်း တွေ့ရသည်။

ရွေးကောက်ပွဲ ဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့က “အစိုးရသက်တမ်းဝက် ဆောင်ရွက်ချက်များအပေါ် နိုင်ငံသားများ၏ သဘောထားအမြင်” စစ်တမ်းအစီရင်ခံစာတစ်ခုကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် မိတ်ဆက်ထုတ်ဝေလိုက်ပါတယ်။ ၎င်းအစီရင်ခံစာသည် လက်ရှိအစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြည်သူများ၏ အမြင်ကို စုစည်းဖော်ပြထားသလို ပြည်သူလူထု၏ ဒီမိုကရေစီကို နားလည်မှုနှင့် နိုင်ငံရေးစိတ်ဝင်စားမှု အခြေအနေကိုလည်း ဖော်ပြထားသည်။

ဒီမိုကရေစီ၏ အဓိကလက္ခဏာ သုံးရပ်ကို မေးမြန်းရာတွင် ပြည်သူလူထု၏ ထက်ဝက်ကျော်(၅၇ ရာခိုင်၏နှုန်း)သည် တစ်ခုမှဖြေဆိုနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ သို့သော် ပြည်သူလူထု၏ ထက်ဝက်ကျော် (၆၀ ရာခိုင်နှုန်း)က မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအပြည့်အဝ ဖြစ်လာရေးမှာ အရေးကြီးသည်ဟု မြင်ကြသည်။ ဤအစီရင်ခံစာတွင် နိုင်ငံရေးကို လုံးဝစိတ်မဝင်စားပါဟု ဖြေဆိုသူက (၂၅ ရာခိုင်နှုန်း)ရှိပြီး အလွန်စိတ်ဝင်စားသည်ဟု ဖြေဆိုသူက (၁၁ ရာခိုင်နှုန်း)သာရှိသည်ကို တွေ့ရသည်။

ပြည်သူလူထု၏ စိတ်ဝင်စားမှု အများဆုံးရယူထားသည့် ကဏ္ဍနှစ်ခုကို နှိုင်းယှဉ်လျှင် ဖျော်ဖြေရေးကဏ္ဍ ဖြစ်တဲ့ အနုပညာအကျော်အမော်များ (Myanmar Celebrity)က ဒီမိုကရေစီကဏ္ဍဖြစ်တဲ့ နိုင်ငံတော်သမ္မတရုံး (President Office)ထက် များစွာအာရုံစိုက်ခံရသည်ကို တွေ့ရသည်။ ဒီမိုကရေစီနှင့် ဖျော်ဖြေရေးကဏ္ဍအပေါ် လူထု၏ စိတ်ဝင်စားမှု နှိုင်းယှဉ်ပြဇယားကို အောက်တွင် ဖော်ပြထားသည်။'




တစ်နည်းအားဖြင့် ပြောရလျှင် ဖျော်ဖြေရေးကဏ္ဍကို စိတ်ဝင်စားသူများမှာ မြန်မာနိုင်ငံမဲပေးခွင့်ရှိသူ လူဦးရေ၏ ၁၉ ရာခိုင်နှုန်းခန့်ရှိပြီး၊ ဒီမိုကရေစီကဏ္ဍကို စိတ်ဝင်စားသူမှာ ၅ ရာခိုင်နှုန်း ခန့်သာ ရှိသည်ကို တွေ့ရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ရပ်ကွက်ကျေးရွာ အုပ်စုများအလိုက် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့က ကြေညာခဲ့သော မဲဆန္ဒရှင် စာရင်းများအရ မဲဆန္ဒရှင် စုစုပေါင်း ၃၃.၅ သန်း အပေါ်အခြေခံ၍ တွက်ချက်သည်။'

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဆီသို့ ခရီးနှင်နေသော ဗိုလ်တိုင်းပြည်၏ခရီးအနေးအမြန်သည် ပြည်သူလူထု၏ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ် သဘောတရားကို နားလည်ပြီး သက်ဆိုင်ရာ နိုင်ငံရေးခေါင်းဆောင်များကို တွန်းအားပေးနိုင်မှု အပေါ်တွင်လည်း မူတည်နေမည် ဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇ တွင် “နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်”ဟုပါရှိသည်။ သို့သော် စည်းကမ်းပြည့်ဝသော ဆိုတာဘာလဲ၊ ဒီမိုကရေစီဆိုတာဘာလဲဆိုတာကိုတော့ ရှင်းလင်းထားခြင်း မရှိပေ။ နိုင်ငံတကာက လက်ခံထားသော ဒီမိုကရေစီ၏ စံချိန်၊ စံနှုန်းတွေရှိနေခြင်းကြောင့် ဒီမိုကရေစီ အခြေခံသဘောတရားကိုတင်ပြရန် ပို၍ လွယ်ကူမည် ဖြစ်သည်။

အများက လက်ခံထားသော ဒီမိုကရေစီ၏ အဓိပ္ပါယ်ကိုကိုးကားရလျှင် “Democracy forAll”ဆိုတဲ့ သင်ခန်းစာ စာအုပ်တွင် ဤကဲ့သို့ ရှင်းလင်းထားသည်။ ဒီမိုကရေစီ ဝေါဟာရသည် ဂရိစကားလုံး “demos”/ (thepeople/ လူထု)နှင့် “kratos” (authority/ အာဏာ)ကို ပေါင်းစပ်ထားသော စကားလုံးဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် အတိုဆုံးဖြင့် တိုက်ရိုက်ဘာသာပြန်ရလျှင် “လူထုအာဏာ”ဟု ပြန်နိုင်သည်။ တစ်နည်းအားဖြင့် ပြောရရင် ‘ဘယ်သူ၊ ဘယ်ဝါက အစိုးရဖြစ်ခွင့်ရရှိသလဲ’ ဆိုတာကို ပြည်သူလူထုက ရွေးကောက်ပွဲမှ တစ်ဆင့် မဲပေးဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း (rule by the people/ လူထုအားဖြင့် အုပ်ချုပ်ခြင်း)ကို ဆိုလိုသည်။

Stanford တက္ကသိုလ်၏ သင်ခန်းစာတွင်လည်း ဒီမိုကရေစီကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲမှတစ်ဆင့် အစိုးရကို ပြည်သူလူထုက မဲပေးရွေးကောက် တင်မြှောက်နိုင်ခြင်းနှင့် ဖြုတ်ချနိုင်ခြင်းကို ဖော်ဆောင်ပေးနိုင်သော နိုင်ငံရေးစနစ်ဖြစ်သည်ဟု အဓိပ္ပါယ် ဖွင့်ဆိုထားသည်။

ဒီမိုကရေစီကို အာဏာဖြင့် စနစ်တကျ ဖွဲ့စည်းထားသော စနစ်တစ်ခုအဖြစ်လည်း နားလည်ကြသည်။ ဒီမိုကရေစီစနစ်တွင် အစိုးရသည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို ပြည်သူလူထုထံမှ ရရှိသည်ဟု ခံယူကြသည်။ ရွေးကောက်ခံပြီး အစိုးရဖြစ်ခွင့်ရရှိခြင်းကြောင့် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာသည် နိုင်ငံရေးအရ တရားဝင်သည်ဟု သတ်မှတ်ကြသည်။ လုပ်ပိုင်ခွင့်အာဏာများအနက် ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်း၊ ဥပဒေအရ အုပ်ချုပ်ခြင်းနှင့် ဥပဒေအရ တရားစီရင်ခြင်းတို့ ပါဝင်သည်။ စီမံအုပ်ချုပ်ရာတွင် အစိုးရသည် စစ်တပ်၊ ရဲနှင့် တရားရုံးတို့ကို အသုံးပြုကာ တရားဥပဒေ စိုးမိုးရေးကို လုပ်ဆောင်ကြသည်။

ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုသည် အစိုးရ၏ အုပ်ချုပ်မှုကိုခံယူရန် သဘောတူကြသည်။ ဤသို့ အုပ်ချုပ်မှုခံယူရခြင်းမှာ အစိုးရ၏အာဏာသည် တရားဝင်ဖြစ်ကြောင်းကို အသိအမှတ်ပြုခြင်းဖြစ်သည်။ အကယ်၍ အစိုးရသည် အာဏာရှင်ဆန်သည်ဆိုလျှင် ပြည်သူလူထုက အဆိုပါ အစိုးရ၏ အုပ်ချုပ်မှုကိုခံယူမည်မဟုတ်ဘဲ၊ ၎င်းအာဏာကို တရားမဝင်ဟု သတ်မှတ်ကာ အာဏာကို ဖီဆန်ကြမည် ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို အဓိကအားဖြင့် တိုက်ရိုက် ဒီမိုကရေစီနှင့် သွယ်ဝိုက်သော ဒီမိုကရေစီဟူ၍ (၂)မျိုးထပ်မံ ခွဲခြားထားသည်။ တိုက်ရိုက်ဒီမိုကရေစီစနစ်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ဂရိနိုင်ငံ အေသင်မြို့တွင် ကျင့်သုံးခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ တိုက်ရိုက် ဒီမိုကရေစီသည် ဆုံးဖြတ်ချက်ချရာတွင် ပြည်သူများ တိုက်ရိုက်ပါဝင်ခွင့်ရသောကြောင့် အကောင်းဆုံးဒီမိုကရေစီစနစ်ဟု သတ်မှတ်ကြသည်။

သို့သော် လူဦးရေတိုးလာသည်နှင့်အမျှ တိုက်ရိုက်ဒီမိုကရေစီစနစ်ကို ဆက်လက်ကျင့်သုံးရန် မဖြစ်နိုင်။ ထို့ကြောင့် သွယ်ဝိုက်သော ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာရသည်။ သွယ်ဝိုက်သော ဒီမိုကရေစီစနစ်ဆိုသည်မှာ အများပြည်သူက မိမိတို့ကိုယ်စား ရွေးကောက် တင်မြှောက်လိုက်သော ကိုယ်စားလှယ်များမှတစ်ဆင့် ပါဝင်သောစနစ်ဖြစ်သည်။ ဒီမိုကရေစီကို လက်ခံလျှင် လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်နှင့်ပြောဆိုခွင့်ကို အာမခံပေးရမည် "Kahne and Westheimer (၂၀၀၃၊ စာ-၃၆)"။ ထို့အပြင် ဒီမိုကရေစီ စနစ်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီးတွင် ပြည်သူလူထု၏ တက်ကြွပါဝင်မှု၊ နိုင်ငံသားအားလုံး၏ လူ့အခွင့်အရေးကို ကာကွယ်ပေးမှု၊ တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေရှေ့မှောက်တွင် အားလုံးတန်းတူအခွင့်အရေး ရရှိမှုတို့ ပါရှိသည်။

ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ကြည့်လျှင် ပြည်သူလူထုပါဝင်မှုကို အထူးအလေးပေးထားကြောင်း တွေ့ရမည်ဖြစ်သည်။ ပြည်သူလူထု ပါဝင်မှု များစွာရှိသည့်အနက် ရွေး

စာ - ၁၅ သို့ »

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

# မြို့နယ်ပေါင်းစုံ အသက် ၂၁ နှစ်အောက် ဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ



မြစ်ကြီးနား၊ နိုဝင်ဘာ ၂၂

ကချင်ပြည်နယ်၊ မြို့နယ်ပေါင်းစုံ အသက် ၂၁ နှစ်အောက် ဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်းကြီးတွင် နိုဝင်ဘာလ ၁၈ ရက်မှ စတင်ကျင်းပနေကြောင်း ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ မြို့နယ်ပေါင်းစုံ ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲသို့ ကချင်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၈ ခုအနက် ၁၁ မြို့နယ်မှ ကိုယ်စားပြုအသင်းများ လာရောက်ယှဉ်ပြိုင်နေကြောင်း သိရသည်။

ထိုဘောလုံးပြိုင်ပွဲကို အုပ်စု ၄ စုခွဲ၍ ယှဉ်ပြိုင်နေခြင်းဖြစ်ကာ အုပ်စု(က)တွင် မံစီ၊ မိုးညှင်းနှင့် မိုးမောက်၊ အုပ်စု(ခ)တွင် တနိုင်း၊ ဖားကန့်နှင့် ပူတာအို၊ အုပ်စု(ဂ)တွင် မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဆွမ်ပရာဘွမ်၊ အုပ်စု(ဃ)တွင် မိုးကောင်းနှင့် ဗန်းမော်မြို့နယ်အသင်းတို့ တစ်ရက် နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်ကစားလျက် ရှိသည်။

"ဒီပွဲကို လုပ်ရတာက ပြည်နယ်နဲ့ တိုင်းပေါင်းစုံ အသက် ၂၁နှစ်အောက်ဘောလုံးပြိုင်ပွဲကို ကျွန်တော်တို့ ပြည်နယ်က သွားရောက်ယှဉ်ပြိုင်နိုင်ဖို့ လူရွေးဖို့ရယ်၊ နောက်ပြီးတော့ ဒီကနေ ထူးချွန်ထက်မြက်တဲ့ အားကစားသမားတွေ ပေါ်ထွက်လာဖို့ဆိုပြီး ရည်ရွယ်လုပ်ဖြစ်တာပါ"ဟု ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမြင့်ခိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို ဘောလုံးပြိုင်ပွဲတွင် ပထမဆုအဖြစ် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၅ သိန်း၊ တတိယဆုကို ငွေကျပ် ၃ သိန်း ချီးမြှင့်သွားမည် ဖြစ်သည့်အပြင် ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံးဆု၊ နေရာအလိုက်အကောင်းဆုံးဆု ငါးဆုကိုလည်း ထပ်မံ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူးက ပြောသည်။

မြို့နယ်ပေါင်းစုံ ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလ ၁၈ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ဆိုင်း(ကချင်မြေ)

» စာ - ၁၄ မှ

ကောက်ပွဲတွင် ဝင်ရောက်မဲပေးခြင်းသည် အခရာအကျဆုံးဟု ဆိုရပေမည်။ ပါဝင်မဲပေးမှုလည်း မိမိနှစ်သက်သော ကိုယ်စားလှယ်သည် ရွေးကောက်ပွဲတွင် အနိုင်ရ၍ နိုင်ငံ့ခေါင်းဆောင် ဖြစ်လာမည်။ ဤသို့ တက်ကြွပါဝင်မှု ဒီမိုကရေစီ နိုင်ငံသား (democratic citizen)ဟု သတ်မှတ်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီတွင် လူထုပါဝင်မှုသည် နိုင်ငံသားများ၏ အခွင့်အရေးတစ်ခုဖြစ်သလို တာဝန်တစ်ရပ်လည်း ဖြစ်သည်။

(ယော်ဘောမ်မန်ရှန် သည် ရန်ကုန်အခြေစိုက် နိုင်ငံရေးနှင့် ဥပဒေရေးရာ လေ့လာသုံးသပ် ရေးသားနေသူ တစ်ဦးဖြစ်သည်။ သူသည် Law and Diplomacy မဟာဝိဇ္ဇာဘွဲ့ကို The Fletcher School, Tufts University, USA မှ ရရှိခဲ့သည်။)

ကျမ်းကိုး - David McQuoid-Mason, Loyd Lotz and Lindi Coetzee, (2017, 2nd edition) "Democracy for All", Street Law South Africa (NPC), Centre for Socio-Legal Studies, University of Kwa-Zulu-Natal, South Africa.
- Kahne, J., & Westheimer, J. (2003). "Teaching Democracy: What Schools Need to Do". Phi Delta Kappan, 85(1), 34–66. https://doi.org/10.1177/003172170308500109




# ရဝမ်အဆိုတော်ချန်းခင်၏ တေးစီးရီးအဆိုပြိုင်ပွဲ




မြစ်ကြီးနား၊ နိုဝင်ဘာ ၂၂

ရဝမ်အဆိုတော်ချန်းခင်၏ SHONGE WA ESHØ RA (ချစ်ခွင့်ရချင်ပြီ)အမည်ရှိ ရဝမ်တေးသီချင်းစီးရီး အမှတ်တရ သီချင်းဆိုပြိုင်ပွဲကို ပူတာအိုမြို့ ခါကာဘိုရာဇီခန်းမဆောင်၊ ဒုတ္တန်မနောင်ဝင်းတွင် နိုဝင်ဘာလ ၂၂ရက်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမအဆင့်အဖြစ် 'ချစ်ခွင့်ရချင်ပြီ' ရဝမ်တေးစီးရီးမှ ကြိုက်နှစ်သက်ရာ သီချင်းနှစ်ပုဒ်ကို အသံစစ်ဆေးခြင်းအနေဖြင့် ဦးစွာသီဆိုယှဉ်ပြိုင်စေပြီး ၎င်းတို့ထဲမှ ရွေးချယ်ခံရသူများကို Final ပွဲ၌ ဆက်လက်ယှဉ်ပြိုင်စေကာ Winner ကို ထပ်မံရွေးချယ်ခဲ့ကြောင်းလည်း သိရသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ အယောက် ၂၀ ခန့်လာရောက်ယှဉ်ပြိုင်ခဲ့ပြီး ၎င်းတို့အထဲမှ ခြောက်ယောက်ကို ဆန်ကာတင် ရွေးချယ်ခဲ့ပြီး ယင်းတို့အနက်မှ Winner ရွေးချယ်ခဲ့ရာ အသက် ၁၆ နှစ်အရွယ် မောင်မဘုဒီးရမ်ဆိုသူက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Winner ရရှိသူအနေဖြင့် ဆုဖလားနှင့် အမှတ်တရလက်ဆောင်များ ရရှိခဲ့သည့်အပြင် Chan Khin Music Road Show တွင်လည်း ပါဝင်ဖျော်ဖြေခွင့် ရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ပြုလုပ်ရခြင်းမှာ အဆိုဝါသနာရှင် မျိုးဆက်သစ်လူငယ်များကို လက်တွဲခေါ်လိုခြင်း၊ ပြိုင်ပွဲအတွေ့အကြုံများရှိပြီး မိမိကိုယ်ကိုယုံကြည်မှု မြင့်မားလာစေရန်နှင့် ၎င်း၏ပထမဦးဆုံးတေးစီးရီး အမှတ်တရအဖြစ် ပြုလုပ်ခြင်းဖြစ်ကြောင်း အဆိုတော် ချန်းခင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"သီချင်းကို စိတ်ဝင်စားတဲ့ ရဝမ်တိုင်းရင်းသားလေးတွေကို မြေတောင်မြှောက်ပေးချင်တာရယ်၊ အားပေးချင်တာရယ်၊ အဓိက ကတော့ ဝါသနာရှင်လူငယ်လေးတွေကို အတွေ့အကြုံတွေ ရခိုင်းစေချင်တယ်။ Self-Confidence တွေလည်း ရှိခိုင်းစေချင်တဲ့အတွက်ကြောင့်ပါ"ဟု အဆိုတော် ချန်းခင်က ပြောသည်။

၎င်းအနေဖြင့် အဆိုပါပြိုင်ပွဲကို နောင်မွန်းမြို့တွင် နိုဝင်ဘာလ နောက်ဆုံးအပတ်နှင့် မြစ်ကြီးနားမြို့တွင် ဒီဇင်ဘာလဆန်းပိုင်းတို့တွင် ပြုလုပ်သွားရန် စီစဉ်နေကြောင်း သိရပြီး စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း ချန်းခင်ကဆက်လက်ပြောသည်။

"ရဝမ်တိုင်းရင်းသားတွေပဲ ပြိုင်လို့ရတာတော့မဟုတ်ဘူး။ ဘယ်သူမဆို ဝင်ပြိုင်လို့ရတယ်။ အသံစစ်တဲ့အခါ ကျွန်တော်ရဲ့ ရဝမ်တေးစီးရီးထဲက ဆိုပြရမှာဆိုတော့ ရဝမ်စကားတတ်တဲ့ ဘယ်သူမဆိုပြိုင်လို့ရတယ်။ ဒါပေမဲ့ အဓိကကတော့ စာသားကို အသားမပေးဘဲနဲ့ Melody နဲ့စည်းချက်တွေကိုပဲ Focus လုပ်ပြီးရွေးတာပေါ့"ဟု ၎င်းက ဆိုသည်။

ပြိုင်ပွဲသို့ အသက်အရွယ်မရွေး၊ လူဦးရေကန့်သတ်ချက်မရှိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး တေးစီးရီးထုတ်လုပ်ထားသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

အသံစစ်ရာတွင် 'ချစ်ခွင့်ရချင်ပြီ'အမည်ရ ရဝမ်တေးစီးရီးမှ မိမိကြိုက်နှစ်သက်ရာ သီချင်းနှစ်ပုဒ်ကို ဆိုပြနိုင်ရန် ကြိုတင်ပြင်ဆင်လာရမည်ဖြစ်ပြီး မြစ်ကြီးနားမြို့မှယှဉ်ပြိုင်လိုသူများသည် ဒီဇင်ဘာလ လဆန်းပိုင်းမှစ၍ ရဝမ်ယဉ်ကျေးမှုနှင့် စာပေရုံးတွင် လျှောက်လွှာများကို ရယူလျှောက်ထားနိုင်ကြောင်း သိရသည်။

Benadeth

# ကချင်ပြည်နယ်ဖွား Celebrity များရဲ့ လတ်တလော အနုပညာ



**မရန်ဆိုင်းနော်**

လတ်တလော ကချင်အနုပညာရှင်များအသင်းချုပ်က နေပြီးတော့ ပြုလုပ်ကျင်းပတာပေါ့နော်၊ Kachin Fashion Music Festival မှာ Show Director အနေနဲ့ ပါဝင်ဖို့ရှိတယ်။ သီချင်းဆိုဖို့အနေနဲ့ရော ပါဝင်ဖို့ရှိပါတယ်။ အဲ့ဒါကတော့ လာမယ့် ဒီဇင်ဘာလ ၈ ရက်နေ့မှာ မနောကွင်းမှာ လုပ်မယ့်ပွဲဖြစ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းကနေ ပြုလုပ်ကျင်းပမယ့် Myanmar Ethnic Culture Festival (MECF) အဲဒီပွဲမှာလည်းပဲ ပါဝင်ဖို့ရှိပါတယ်. . . ဟုတ်။ သီချင်းနဲ့ ပတ်သက်ရင် ဒီနှစ်မကုန်ခင် Single သီချင်းထွက်ဖို့ ရှိပါတယ်။ ထွက်လာလို့ရှိရင်လည်း အားလုံးကို အကြောင်းကြားမှာပါ။ အခုက အနုပညာအလုပ်လုပ်နေတဲ့အတွက် ပရိသတ်တွေအတွက်ပဲစဉ်းစားပြီး လုပ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း သီချင်းခွေသာ မထွက်ဖြစ်တာပေါ့နော်။ ဒါပေမဲ့ အနုပညာအလုပ်တော့ တောက်လျှောက် လုပ်နေပါတယ်။ ပြီးလို့ရှိရင် လာမယ့်နှစ်မှာလည်း ဆိုင်းနော် Live Show ကိုလည်း ပြန်လည်ပြီးတော့ ကြည့်ခွင့်ရမယ်လို့ယုံကြည်ပါတယ်။ ပရိသတ်တွေနဲ့ အတူ ကျင်းပနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်အခုကတည်းကနေ ပြင်ဆင်နေပါပြီ ဟုတ်ကဲ့။



**Esabel ဂျာဘောက်**

လတ်တလောအနုပညာလှုပ်ရှားမှုဆိုရင်တော့ အခုက ပွင့်လင်းရာသီဖြစ်တဲ့အတွက် မြို့တွင်းရော၊ နယ်တွေမှာပါ ရှိုးပွဲတွေလိုက်ဆိုဖြစ်နေတယ်။ ပြီးတော့ အဘောက်က Third Goal ဖြစ်တဲ့ Third Album ကိုလည်း လုပ်နေပါတယ်။ ဒီကနည်းနည်း ထူးခြားမှုရှိမယ်။ ရှေ့မှာ ထင်ထားတာထက် လုံးဝပုံစံ Change သွားသလိုမျိုးတွေ့ရမယ်။ အော်. . . Esabel ဂျာဘောက် အဲ့လိုလုပ်ပါလားပေါ့နော်။ အဲ့ဒီလိုပုံစံဖြစ်အောင်လုပ်ထားတယ်။ ပိုလည်း အားစိုက်ထုတ်ပြီး လုပ်ထားတယ်။ ပြီးတော့ Music တွေကိုလည်း Upgrade လုပ်ထားပါတယ်။ သီချင်းအမျိုးအစားလည်း စုံမယ်။ နောက်နှစ်လောက် ထွက်နိုင်ဖို့လုပ်ထားပါတယ်။ အဘောက်တို့က ပရိသတ်တွေကြောင့်၊ ပရိသတ်ရှိလို့သာ ဒီလိုမျိုး အဘောက်ရပ်တည်လို့ရတဲ့အတွက် ပရိသတ်တွေအတွက် အရမ်းကြိုးစားနေပါတယ်။ ပိုပြီးတော့လည်း အားပေးကြပါလို့ ပြောချင်ပါတယ်။ ပြီးတော့ ပရိသတ်တွေအားလုံးလည်း စိတ်သွားတိုင်း ကိုယ်ပါနိုင်ပါစေဆိုလို့လည်း ဆုတောင်းပေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။




**P. ဂျာဆိုင်းဘူ**

အခုတလော အနုပညာလှုပ်ရှားမှုက လွန်ခဲ့တဲ့ ၁၀ လပိုင်းလောက်ကပဲ ရုပ်ရှင်ကားတစ်ကားဖြစ်တဲ့ 'အောက်ဖဲမလှန်ကြေးနော်' ဇာတ်ကားရိုက်ထားပါတယ်။ ပြီးတော့ အခုက မြစ်ကြီးနားရောက်နေတယ်ပေါ့နော်။ ကချင်ရိုးရာဝတ်စုံနဲ့ Photo Shooting လည်းရိုက်ပြီးသွားပြီ။ အခုလောလောဆယ်က ဒီမှာရောက်နေတယ်. . . ရန်ကုန်ပြန်ရောက်ရင်တော့ မြန်မာသီချင်း MTV ရိုက်ဖို့ရှိပါတယ်။ တောက်လျှောက် ရှေ့ဆက်ပြီးမှပေါ့နော်. . ဒီမြန်မာရုပ်ရှင်လောကဘက် ဆက်သွားဖို့ရှိပါတယ်။ ပရိသတ်တွေကိုလည်း အခုလိုအားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အခု ဒီအချိန်အထိ လက်ခံအားပေးတဲ့အတွက်ရော။ ဆက်လက်ပြီးတော့လည်း အားပေးကြပါလို့။ ရှေ့ဆက်ပြီးတော့လည်း အရမ်းကြိုးစားဖို့ရှိပါတယ်။ အဲ့ဒါကြောင့် ကြိုးစားတဲ့အချိန်မှာ ကိုယ့်ရဲ့အားနဲ့ပဲ မရဘူး။ ပရိသတ်တွေအားပေးမှပဲ အဆင်ပြေမယ်။ အားပေးမယ်လို့လည်း မျှော်လင့်ပါတယ်။ အားလည်း အားပေးကြပါလို့ ပြောချင်ပါတယ်။



**NT ဆိုင်းနွယ်**

လတ်တလောအနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ အခုတလောကပဲ ကချင်အနုပညာရှင်များ အသင်းချုပ်ကနေ ဦးဆောင်ရိုက်ကူးတဲ့ ဇာတ်ကားမှာ ပါဝင်ရိုက်ကူးထားပါတယ်။ ပြီးတော့ကမ်းလှမ်းထားတဲ့Mtvလေးတွေလည်း ရိုက်ဖို့ရှိပါတယ်. . ဟုတ်။ ပရိသတ်တွေကိုလည်း အားပေးကြပါလို့ပြောချင်ပါတယ်။



**Tsap Ja Dim Kai**

လတ်တလော ကတော့ မန္တလေးမှာ ရှိုးလျှောက်ပြီးသွားပြီ။ အခုက မိုးကုတ်မှာ အစ်ကိုဆိုင်းနော်တို့နဲ့ Myanmar Ethnic Culture Festival အဲ့ဒီအတွက် ကြော်ငြာ Video လည်း ရိုက်ပြီးသွားပြီ။ ရန်ကုန်ရောက်ရင်လည်း ရှိုးပွဲတွေ၊ ပွဲတက်ဖို့တွေလည်းရှိတယ်။ ပြီးတော့ ချင်းမိုင်ဘက်ကို သွားဖို့လည်းရှိတယ်။ နောက်ပြီး ဒီဇင်ဘာလ ၈ ရက်နေ့ မနောင်ကွင်းမှာ ကျင်းပမယ့် Kachin Fashion Music Festival မှာလည်း ရှိုးလျှောက်ဖို့ရှိတယ်။ ပရိသတ်တွေကို ပြောချင်တဲ့စကားဆိုရင်တော့ အခုထိ မမေ့ဘဲနဲ့ အခုချိန်ထိ အားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်လို့။ အခုလာမယ့် Christmas နဲ့ နှစ်သစ်ကူးမှာလည်း ပျော်ရွှင်ကျန်းမာစွာနဲ့ ဖြတ်သန်းနိုင်ကြပါစေလို့ ဆုတောင်းပေးချင်ပါတယ်။



**မော်ရိန်းလုဆန်**

အခုကတော့ သတင်းဓာတ်ပုံတွေ ရိုက်ဖြစ်နေတယ်။ ပြီးတော့ အခုတလောကပဲ ပြီးသွားတဲ့ မန္တလေးရှိုးပွဲမှာလည်း ရှိုးလျှောက်ဖြစ်ခဲ့တယ်။ နောက်ပြီး ကြော်ငြာတွေ နှစ်ပုဒ်လောက် ရိုက်ဖို့ရှိတယ်။ အဓိကကတော့ ဓာတ်ပုံတွေပဲ ပိုရိုက်ဖြစ်နေပါတယ်။ မဂ္ဂဇင်းဓာတ်ပုံတွေလည်း ရိုက်ဖို့ရှိပါတယ်။ ပရိသတ်တွေကို ပြောချင်တဲ့စကား ဆိုရင်တော့ မော်ရိန်းက Social Media မှာ အဲ့ဒီလောက်ကြီး နာမည်မကြီးသေးရင်လည်း အနုပညာကို ဒီထက်ပိုပြီး ကြိုးစားလုပ်ဆောင်သွားဖို့ရှိပါတယ်။ ပရိသတ်တွေလည်း ဆက်လက်ပြီးတော့ အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

**Benadeth**